# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့ | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၀၂၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကော့သောင်းမြို့ရှိ ရေလမ်းကုန်သွယ်မှုဆိပ်ကမ်းကို တွေ့ရစဉ်။

# ကော့သောင်းမြို့တွင် တည်ငြိမ်အေးချမ်းစွာဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကား စည်ကားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ကော့သောင်းကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ပို့ကုန်အနေဖြင့် ငါးမျိုးစုံ ၃၂၅၃ တန်၊ ဆီအုန်းကြိတ်ဖတ် တန် ၂၀၀ နှင့် သီဟိုဠ်စေ့ ၁၁ တန် တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် ဒီဇယ်ဆီ ၃၇၅၀ BBL၊ လုပ်ငန်းသုံးပစ္စည်း ၁၂ တန်နှင့် ဓာတုဗေဒပစ္စည်း ၁၀၅ တန် တင်သွင်းခဲ့သည်။ အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကုန်သွယ်မှုမရှိကြောင်း၊ ကုန်းလမ်း ရေလမ်းကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် အခြေအနေကောင်းမွန်လျက်ရှိကြောင်းနှင့် ကော့သောင်းမြို့တွင် နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းစွာဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကား စည်ကားလျက်ရှိကြောင်း သိရသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ◆





ရှမ်းပြည်နယ်တောင်ပိုင်း ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ် (၅) တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။ သတင်း၊ စာမျက်နှာ - ၃

## ယနေ့ မာတိကာ


**ကူမင်းမြို့တွင် (၆) ကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန် - သွင်းကုန်ပြပွဲ ကျင်းပမည်**
စီးပွားရေးသတင်းများ | စာ - ၁၁

**ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ရွေးကောက်ပွဲကို ဘောရစ်ဂျွန်ဆင် ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ဟုဆို**
နိုင်ငံတကာသတင်း | စာ - ၁၃

**သဘာဝတောတောင်စိမ့်စမ်းတို့ဖြင့် ခြယ်သထားသော ပုပ္ပားတောင် ဥယျာဉ်**
ဇီဝစုံလင် သဘာဝဝန်းကျင် | စာ - ၁၆




# အဖျက်အမှောင့်လုပ်ရပ်များ သတိဖြင့် သိမြင် အကြမ်းဖက်အဖျက်လုပ်ငန်းများကို ဆန့်ကျင်

တပ်မတော်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်မှုကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် စတင်ခဲ့ပြီး ယခုနှစ်ကုန်အထိ ထုတ်ပြန်မှုပေါင်း ၂၁ ကြိမ် ထုတ်ပြန်ခဲ့သည်။ ယခုနှစ် (၂၀၂၂ ခုနှစ်) ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် NCA စာချုပ်ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ကမ်းလှမ်းဖိတ်ခေါ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့ ဆွေးနွေးရာတွင်လည်း ပွင့်လင်းရိုးသားမှုကို အခြေခံကာ ကြိုတင်ကန့်သတ်မှုများမထားဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး ဖြစ်သင့်ဖြစ်ထိုက်သည်များကို အတူတကွ ညှိနှိုင်းအဖြေရှာခဲ့ကြခြင်းလည်းဖြစ်သည်။ တွေ့ဆုံဆွေးနွေးမှုများတွင် ပြည်သူလူထု၏ ဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ် လိုအပ်ပြီး ဖြစ်သင့်သည်နှင့် ဖြစ်ချင်သည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုများမှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် ပိုမိုဆောင်ရွက်လာနိုင်သည်နှင့်အမျှ တဖြည်းဖြည်းလျော့နည်းလာသည်။ PDF အမည်ခံ အကြမ်းဖက်သမားတို့ အင်အားစုဖွဲ့ သောင်းကျန်းနိုင်သည့် ဒေသများကိုကြည့်လျှင် နောက်ကွယ်မှ လူ၊ လက်နက်ခဲယမ်း၊ စစ်အသုံးအဆောင်များ ထောက်ပံ့ပေးနေသည့် KIA၊ KNU နှင့် KNPP နယ်မြေများတွင်သာ ဖြစ်ပေါ်နေခြင်းဖြစ်သည်ကို တွေ့မြင်နိုင်သည်။ ယခုရက်ပိုင်းအတွင်း KIA လက်နက်ကိုင်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များရှိရာ နေရာနှစ်နေရာကို လိုအပ်သော စစ်ဆင်ရေးများ တန်ပြန်ပြုလုပ်ခဲ့ရသည်။ အဆိုပါဒေသများအတွင်း KIA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့က ပစ်ခတ်တိုက်ခိုက်၊ နှောင့်ယှက်ဖျက်ဆီးမှု အကြိမ်ပေါင်းများစွာ ကျူးလွန်ပြုလုပ်ခဲ့သည့်အပြင် ဒေသတွင်းရှိ ကျေးရွာသူ၊ ကျေးရွာသားများအား ၎င်းတို့၏ အကြမ်းဖက်အဖွဲ့အတွင်းသို့ အဓမ္မသွတ်သွင်းခြင်း၊ စည်းရုံး၍ မရပါက ရွာလုံးကျွတ်အကြမ်းဖက်ခြင်းတို့ကို ပြုလုပ်လျက်ရှိခြင်းတို့ကြောင့် ဒေသနေပြည်သူများက တိကျ မှန်ကန်ခိုင်မာသည့် သတင်းကို တပ်မတော်သို့ လျှို့ဝှက်ပေးပို့ခြင်းအားဖြင့် အကြမ်းဖက်အဖွဲ့တို့ကို ဟန့်တား တိုက်ခိုက်ခဲ့ရခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးသည် မိမိတို့နိုင်ငံသားအားလုံး၏ ဆန္ဒအစစ်အမှန်ပင်ဖြစ်သည်။ နိုင်ငံကို ဖျက်ဆီးလိုသည့် နိုင်ငံရေးပယောဂများနှင့် ပြည်ပလက်ဝေခံမီဒီယာများ၏ အဖျက်အမှောင့်လုပ်ရပ်များကို သတိဖြင့် သိမြင်ကာ အကြမ်းဖက်အဖျက်လုပ်ငန်းများကို ဆန့်ကျင်ကြရပါမည့်အကြောင်း။ ။

# နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း**

၁။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပထမနှစ် (ဒုတိယနှစ်ဝက်)သင်တန်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်း (အထူးပြုဘာသာရပ်အားလုံး) (ဒုတိယနှစ်ဝက်) သင်တန်းများနှင့် ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ပထမနှစ်(ပထမနှစ်ဝက်)သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများ စာရင်းအား (၂၇-၁၀-၂၀၂၂)ရက်နေ့၌ ဝန်ကြီးဌာန website https://mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website https://ucmt.edu.mm တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၇၉၅၃၀၀၁၅၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ခရမ်း၌ပြုလုပ်

**ခရမ်း အောက်တိုဘာ ၂၄**



ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၏ စွမ်းရည်မြင့်မားရေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း စိန်ရတုခမ်းမ၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါသင်တန်းကို အခြေခံပညာကျောင်းများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန်၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုနှင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်၊ အခြေခံပညာဦးစီးဌာန၏ စီမံ၊ ဘဏ္ဍာ၊ ပညာ၊ စစ်ဆေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ခရမ်းမြို့နယ်၌ ကျင်းပပြုလုပ်သော ၂၀၂၂-၂၀၂၃ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၏ စွမ်းရည်မြင့်မားရေး သင်တန်းကို နည်းပြဆရာ၊ ဆရာမ ငါးဦးက သင်တန်းသား၊ သင်တန်းသူ ၁၄၄ ဦး အား အောက်တိုဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ ဆွေးနွေးပို့ချကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

# အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် "1111" ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် "1111" ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ ပြန်လည်ပေးဆပ်ခြင်းနှင့် ပြန်လည်ထုတ်ချေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ အောက်တိုဘာ ၂၄**

ငါးလုပ်ငန်းဦးစီးဌာနသည် အလုပ်အကိုင်အခွင့်အလမ်းများ မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရန်၊ လည်ပတ်ရန်ပုံငွေမှ တိုးပွားလာသောငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှ ကိုယ်တိုင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ခြောက်ပင်ကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ပြန်လည်ပေးဆပ်ခြင်းနှင့် သတ္တမအကြိမ် ပြန်လည် ထုတ်ချေးခြင်းလုပ်ငန်းကို အောက်တိုဘာ တတိယပတ်က အဆိုပါ ကျေးရွာအတွက် ပြုလုပ်သည်။

အောက်တိုဘာ ၁၉ ရက်တွင် အဆိုပါခြောက်ပင်ကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ ပြန်လည်ပေးဆပ်ခြင်းနှင့် ပြန်လည်ထုတ်ချေးခြင်းလုပ်ငန်းသို့ မြို့နယ်မြစိမ်းရောင်(ငါးကဏ္ဍ) ရန်ပုံငွေကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းကိုကိုထွန်းနှင့် ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဝန်ထမ်းများက မြစိမ်းရောင်ဆဋ္ဌမအကြိမ် ၄၈၄ သိန်း ပြန်လည်ပေးဆပ်ခြင်းနှင့် သတ္တမအကြိမ် လည်ပတ်ရန်ပုံငွေ ၅၂၁ သိန်းကို အသင်းသား ၁၈၄ ဦးသို့ပြန်လည်ထုတ်ချေးခြင်း လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်အောက်တိုဘာ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း ၇၂ ဒသမ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ

## နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၂၆၇ သန်း ထုတ်လုပ်ပေးနိုင်မည့် ဒေသအကျိုးပြု စီမံကိန်းတစ်ခုဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ် (၅) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မရေလှောင်တမံမှာ အလျားပေ ၁၈၀၀၊ အမြင့်ပေ ၂၃၀ ရှိ ဇုန်အမျိုးအစားကျောက်ဖြည့်တမံ ဖြစ်သည်။ ကန်ရေပြည့် ရေသိုလှောင်ပမာဏမှာ ဧကပေ ၁၀၄၀၀၀ ရှိကာ စက်တပ်ဆင်အင်အား ၁၇ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား ၅၁ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၂၆၇ သန်း ထုတ်လုပ်ပေးနိုင်မည့် ဒေသအကျိုးပြု စီမံကိန်းတစ်ခုဖြစ်သည်။ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၇၂ ဒသမ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပါက ၇၆ ဒသမ ၅၇ ရာခိုင်နှုန်းခန့် ပြီးစီးမည်ဖြစ်ကာ စီမံကိန်းတစ်ခုလုံး အနေဖြင့် ၂၀၂၅ ခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် တာဝန်ရှိသူများ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



**နိုင်ငံတော်ဓာတ်အားစနစ်မှဖြန့်ဖြူးပေး**

အဆိုပါ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများနှင့် လက်ရှိ ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် နမ့်စန်ပင်မဓာတ်အားခွဲရုံသို့ ချိတ်ဆက်ပို့လွှတ်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထက်ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်းသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၂၃ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် အမှတ်(၅) တည်ဆောက်ရေးညွှန်ကြားရေးမှူးတို့က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်း၏ အဓိကလုပ်ငန်းကြီးများဖြစ်သည့် ရေလွှဲရေထုတ်ပြွန်၊ ပင်မတမံ၊ ပင်မရေပိုလွှဲ၊ ရေယူ အဆောက်အအုံ၊ ရေသွယ်ဥမင်လိုဏ်၊ ရေထိန်းတံခါးပြွန်၊ ဖိအားမြင့်သံမဏိ ပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ တည်ဆောက်ပြီးဖြစ်သည့် ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်း**

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာန အနေဖြင့် နိုင်ငံ၏သဘာဝအရင်းအမြစ်များ ရရှိမှုအပေါ်အခြေခံ၍ စီးပွားရေးအရ တွက်ခြေကိုက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေမည့် ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ နှစ်စဉ်တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိလာပါက စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိမိတို့ဝန်ထမ်းများက ပြည်သူလူထုကို သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နေသည်ကို နားလည်သဘောပေါက်အောင် ရှင်းလင်းတင်ပြရန်နှင့် မိမိတို့ ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထုမှ နားလည်သဘောပေါက်၍ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး စည်းရုံးပြောဆိုကြရန် လိုအပ်ကြောင်း၊ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အမြန်ဆုံး ရရှိသုံးစွဲနိုင်စေရေးအတွက် စီမံကိန်းအား ဆောလျင်စွာ ပြီးစီးရေးကို အားလုံးဝိုင်းဝန်းကြိုးပမ်း၍ အားသွန်ခွန်စိုက် တွန်းအားပေးဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မတမံ တည်ဆောက်ခြင်း ပြီးစီးနေမှု၊ ပင်မရေပိုလွှဲလုပ်ငန်း တည်ဆောက်ခြင်း ဆောင်ရွက်မှု၊ ရေယူအဆောက်အအုံ ကျောက်သားနံရံ ခိုင်ခန့်မှုလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရေထိန်းတံခါးပြွန် တည်ဆောက်ပြီးစီးနေမှု အခြေအနေ၊ ရေသွယ်ဥမင်လိုဏ်၊ ရေထိန်းတံခါးပြွန်နှင့် ဖိအားမြင့်သံမဏိပိုက်လိုင်း Structure ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**






အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်

# ချောက်/လမ်းရွာ ရေနံမြေရှိ တွင်းအမှတ် CDT-15 အောင်မြင်စွာ တူးဖော်ထုတ်လုပ်

## တွင်းအမှတ် CDT-15 မှ ထုတ်လုပ်ရရှိသော သဘာဝဓာတ်ငွေ့များကို ချောက်-ဆားခါး-ပုလိပ်-ကျောက်ဆည် ပိုက်လိုင်းအတွင်းသို့ အားဖြည့်ပို့လွှတ်သွားမည်



နေပြည်တော် အောက်တိုဘာ ၂၄

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ချောက်/လမ်းရွာရေနံမြေ တွင်းအမှတ် CDT-13၊ CDT-14 နှင့် CDT-15 တို့ကို တူးဖော်နိုင်ခဲ့သကဲ့သို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသောကုမ္ပဏီနှင့် ပူးပေါင်း၍ တွင်းပေါင်း ၁၄ တွင်း တူးဖော်နိုင်ခဲ့ရာ တစ်ရက်လျှင် ရေနံစိမ်း ၈၀၈ စည်နှင့် သဘာဝဓာတ်ငွေ့ ၁ ဒသမ ၈၇၃၂ သန်းခန့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး ချောက်/လမ်းရွာရေနံမြေရှိ တွင်းအမှတ် CDT-15 အောင်မြင်စွာ တူးဖော်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ချောက်မြို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံလုပ်သားညှော့ရိပ်သာ၌ ချောက်/ လမ်းရွာရေနံမြေမှ ရေနံလုပ်သားများနှင့်အတူ နံနက်စာကို အတူတကွသုံးဆောင်ပြီး ရေနံလုပ်သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားကာ ချောက်ရေနံမြေလုပ်သားရိပ်သာတွင် စိုက်ပျိုးထားသော တစ်သျှူးငှက်ပျောပျိုးခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖိုကုန်းဒေသ ZJ 70 L SR 1 တွင်းတူးစက်ဖြင့် အောင်မြင်စွာ တူးဖော်ခဲ့ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်လျက်ရှိသော တွင်းအမှတ် CDT-15 ကို ကြည့်ရှုစစ်ဆေးကာ (ယာပုံ) ချောက်ရေနံမြေတွင် ဆက်လက် တူးဖော်သွားမည့် ထုတ်လုပ်ရေးတွင်းများ အလား အလာများကို ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နောင်တူးဖော်မည့် တွင်းများကိုလည်း ယခုကဲ့သို့ မြေအောက်အခက်အခဲများကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း၊ ထုတ်လုပ်ရရှိသောရေနံနှင့် သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ကြရန် လိုကြောင်း မှာကြားပြီး တွင်းအမှတ် CDT-15 မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များ မီးရှို့စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တွင်းအမှတ် CDT-15 ကို အောင်မြင်အောင်တူးဖော်ရာ၌ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ပေးခဲ့ကြသော ကာယ၊ ဉာဏ လုပ်သားကြီးများအား အမှတ်တရသစ်သီးခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

အဆိုပါ တွင်းအမှတ် CDT-15 ကို ဇွန် ၃၀ ရက်က စတင်တူးဖော်ခဲ့ရာ ရည်မှန်း အနက်ပေ ၇၉၂၀ သို့ စက်တင်ဘာ ၁၉ ရက်တွင်ရောက်ရှိခဲ့ပြီး တစ်ရက်လျှင် ရေနံစိမ်းရှစ်စည်ခန့်နှင့် သဘာဝဓာတ်ငွေ့ ၀ ဒသမ ၅ သန်းခန့် ထုတ်လုပ်လျက်ရှိရာ ထုတ်လုပ်ရရှိသော သဘာဝဓာတ်ငွေ့များကို ချောက်-ဆားခါး-ပုလိပ်-ကျောက်ဆည် ပိုက်လိုင်းအတွင်းသို့ အားဖြည့်ပို့လွှတ်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ဒိန်းမတ် - မြန်မာစီမံကိန်းမှ ကမ်းနီးငါးလုပ်ငန်း စစ်ဆေးရေးရေယာဉ်နှစ်စင်း လွှဲအပ်



**နေပြည်တော် အောက်တိုဘာ ၂၄**

ဒိန်းမတ်-မြန်မာ စီမံကိန်းမှ ကမ်းနီးငါးလုပ်ငန်း စစ်ဆေးရေး ရေယာဉ်နှစ်စင်း လွှဲအပ်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြိတ်မြို့ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ငါးချဆိပ်ကမ်းတွင် ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ အဏ္ဏဝါဂေဟစနစ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်ရှိ ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မိတ်ဖက်နိုင်ငံများ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ်းနီးရေပြင်သည် ရေငန်ငါးများ၏ သားပေါက်ရာ ရေပြင်ဖြစ်သည့်အတွက် အဆိုပါရေပြင်အတွင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပိုမိုအသက်ဝင်သက်ရောက်စေနိုင်ရေး၊ တရားမဝင်ငါးဖမ်းဆီးခြင်း လျော့နည်းစေရေး၊ ကျဆင်းနေသည့် ငါးသယံဇာတ တည်ရှိမှုပမာဏ (Biomass) ပြန်လည်တိုးပွားစေရေးအတွက် သက်ဆိုင်သူအားလုံး ပူးပေါင်းကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ်းနီးငါးလုပ်ငန်းစစ်ဆေးရေး ရေယာဉ်နှစ်စင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ဝဲပုံ) အဆိုပါ ရေယာဉ်များ၏ စမ်းသပ်မောင်းနှင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးခဲ့ကြသည်။

ဒိန်းမတ်အစိုးရ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်ခဲ့သော အဆိုပါ ကမ်းနီးငါးလုပ်ငန်း စစ်ဆေးရေး ရေယာဉ်နှစ်စင်းကို ကမ်းနီးငါးလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှုဖြင့် သတ်မှတ်ရေပြင် ဇရိယာများအတွင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငါးများ နေထိုင်ကျက်စားရာ စားကျက် ရေပြင်ဇရိယာများ၊ သားပေါက်ရာ ရေပြင်ဇရိယာများနှင့် ငါးများကြီးထွားရာ ရေပြင်များ၌ တရားမဝင် ဖမ်းဆီးမှုများ ပပျောက်စေရန်၊ ငါးသယံဇာတ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် သယံဇာတကို မှီခိုအားထားနေကြသည့် ဒေသခံ ရေလုပ်သားများ၏ လူမှုစီးပွားဘဝကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြီး ပင်လယ်ပြင် ကမ်းနီးငါးလုပ်ငန်း ဇရိယာအတွင်း ပုံမှန် စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ရွှေဖုံးမှ*

ကော့သောင်းနယ်စပ်ဒေသ၌ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နှစ်နိုင်ငံ ငွေပေးချေမှုကိစ္စရပ်များကို သက်ဆိုင်ရာ Designated Bank များဖြစ်သည့် A Bank ၊ MEB၊ KBZ စသည့် ဘဏ်များဖြင့် ဆောင်ရွက်လျက်ရှိပြီး ငွေကြေးဈေးကွက်မှာ အောက်တိုဘာ ၂၄ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၂၅၀ ၊ ၁ ဘတ်လျှင် မြန်မာငွေကျပ် ၈၀ ခန့်ဖြစ်ကာ အနည်းငယ် မြင့်တက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းအရင်းအမြစ်မှ သတင်းရရှိသည်။

**မြန်မာ့အလင်း**

# မြောက်ဦးမြို့နယ် ဒေသထွက် မြောင်းဘွေကျွဲကောသီးများ ဈေးကောင်းရ



**မြောက်ဦး အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ မြောင်းဘွေကျေးရွာနှင့် လေးမြို့ မြစ်အထက်ဘက်ရှိ ကျေးရွာများဖြစ်သော ဆင်အိုးကျေးရွာ၊ လေညှင်းတောင်ကျေးရွာ၊ ပိုးဖြူကျွမ်းနှင့် ပန်းမြောင်းစသော ကျေးရွာများတွင် ဥယျာဉ်ခြံမြေလုပ်ကိုင်သူ ယာရှင်များအနေဖြင့် ကျွဲကောပင်များကို စီးပွားဖြစ်အဓိက စိုက်ပျိုးလျက်ရှိပြီး ကျွဲကောသီးများကို ခူးယူရောင်းချလျက်ရှိကြောင်း သိရသည်။

ကျွဲကောသီးများကို စိုက်ပျိုးထွက်ရှိရာနေရာ ဒေသများတွင် သာမက ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့၊ ကျောက်တော်မြို့၊ မင်းပြားမြို့၊ သံတွဲမြို့၊ ကျောက်ဖြူမြို့စသော မြို့များသို့လည်း ပို့ဆောင်၍ ရောင်းချလျက်ရှိကြောင်းနှင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့လည်း ပို့ဆောင်ရောင်းချလျက်ရှိကြောင်း သိရသည်။ မြောင်းဘွေကျွဲကောသီးကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့များတွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် ဒေသထွက် ရာသီပေါ်သီးနှံအဖြစ် ဒေသလက်ဆောင်ပေးခြင်းပြုကြသဖြင့် ယခုနှစ်တွင် မြောင်းဘွေကျေးရွာရှိ ယာရှင်များမှာ ယခင်နှစ်များထက် ဈေးကောင်းရရှိပြီး ဝင်ငွေတိုးတက်လျက်ရှိကြောင်း သိရသည်။

ကျွဲကောသီးများတွင် သပိတ်သီး(ခေါ်) အနီသီး၊ တရုတ်သီး(ခေါ်) အဖြူသီးနှင့် ရှမ်းကျွဲကောသီး (ခေါ်) မြောင်းဘွေကျွဲကောသီးဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးမျိုးထဲတွင် ရှမ်းကျွဲကောသီး(ခေါ်) မြောင်းဘွေ ကျွဲကောသီးမှာ အချိုစူး၍ အရည်လည်းရွှမ်းသဖြင့် လူကြိုက်များပြီး ရောင်းချရာတွင် ဈေးပိုရကာ အရောင်းသွက်ကြောင်း၊ တခြားအသီးများမှာ တစ်လုံးလျှင် ငွေကျပ် ၃၀၀၀ ခန့်သာရ၍ မြောင်းဘွေကျွဲကောသီးမှာ တစ်လုံးလျှင် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ နှုန်းအထိ ဈေးကောင်းရရှိကြောင်း ကျွဲကောစိုက်ပျိုးသူ ယာရှင် ဦးမောင်သိန်းလှထံမှ သိရသည်။ **စိုးငြိမ်းနိုင် (ပြန်/ဆက်)**

# ပြည်သူလူထုအကျိုးရှိစေမည့် တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျသုတေသနပြုထုတ်လုပ် ပြည်တွင်း၌သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ရန် ကြိုးစားသွားရမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် ဒေါက်တာစုစုဒွေး၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် ကြို့ကုန်းကျေးရွာရှိ မုံရွာဆရာမိုး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး ကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ ကုန်ချောလည်ပတ် ထုတ်လုပ်နေမှု၊ ထုပ်ပိုးမှုနှင့် အရည်အသွေး ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများအနေဖြင့် မြန်မာ့တိုင်းရင်းဆေးကျမ်းမှ ဆေးနည်းများကို ဖော်ထုတ်၍ ပြည်သူလူထု အကျိုးရှိစေမည့်တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျ သုတေသနများပြုလုပ်ကာ သုတေသနရလဒ်များအပေါ်မူတည်၍ ထုတ်လုပ်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ရန် ကြိုးစားခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်အောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ပြီး ကုန်ကြမ်းမှသည် ကုန်ချောအထိ အရည်အသွေးပိုင်းကို အမြဲကောင်းမွန်ရန် ထိန်းချုပ်ရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများစိုက်ပျိုးထုတ်လုပ်ရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ ပရဆေးဥယျာဉ်များ၌ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်သည့် သုတေသနနှင့် နည်းပညာပိုင်းဆိုင်ရာများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရင်းနှီးမှုများ အလွယ်တကူရရှိနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ် ခုတင်-၅၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများ အားကိုးအားထားသည့် ဆေးရုံဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ပြည်သူ့ကျန်းမာရေး စီမံချက်လုပ်ငန်းများကို ပြည်သူလူထုအကျိုးရှိစေရန် ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုသရေးလုပ်ငန်းများအပြင် သင်ကြားရေးလုပ်ငန်းများကိုပါ စနစ်တကျ ဖိဖိစီးစီးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၊ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအတွင်းရှိ ခွဲစိတ်ခန်း၊ ခွဲစိတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မှော်ဘီမြို့နယ် ခုတင်-၅၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ဒေါက်တာစောမြနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့ရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့ ရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးတို့က တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အဆိုပါရုံးသစ် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း အရည်အသွေးပြည့်ဝပြီး မှန်ကန်တိကျသော စာရင်းအင်း အချက်အလက်များ ရရှိစေရန်၊ စားသုံးသူ ဈေးဆနှုန်း တွက်ချက်နိုင်ရန်အတွက် ဈေးနှုန်းစာရင်းများ ကောက်ယူရန်၊ အခြေခံစာရင်းအင်း ညွှန်ကိန်းများစုစည်းရရှိရန်၊ သဘာဝဘေးစစ်တမ်းများ ကောက်ယူရန်၊ မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းများ စုစည်းနိုင်ရန်နှင့် ဝန်ထမ်းများမိသားစုနှင့်အတူ အဆင်ပြေလုံခြုံစိတ်ချစွာဖြင့် လုပ်ငန်းတာဝန်များကို အေးချမ်းစွာဆောင်ရွက်နိုင်စေရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုသိမ်မြို့ရှိမြို့တော်ခန်းမ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/ လုပ်ငန်း/ အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သက်ဆိုင်ရာ ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှု၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဘဏ္ဍာငွေသုံးစွဲမှု၊ ဒေသန္တရစီမံကိန်းရေးဆွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးများသို့ လှည့်လည်သွားရောက်၍ ဝန်ထမ်းများကို တွေ့ဆုံမှာကြားသည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီးနှင့် ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဦးစီးဌာန/ လုပ်ငန်း/ အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ကြံခင်းအသစ် ၇၆၀၆ ဧက စိုက်ပျိုးသွားမည်

**မန္တလေး အောက်တိုဘာ ၂၄**

၂၀၂၂-၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်လေးမြို့နယ်တွင် ကြံခင်းအသစ် ၇၆၀၆ ဧကကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



အဆိုပါ ကြံခင်းအသစ်များကို ခရိုင်နှစ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ တောင်သူများကို မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပြီး မြို့နယ်အလိုက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမည့် မြို့နယ်များမှာ အောင်မြေသာစံခရိုင်အတွင်းရှိ မတ္တရာမြို့နယ်၌ ၆၀၆ ဧက၊ သပိတ်ကျင်းခရိုင်အတွင်းရှိ စဉ့်ကူး၌ ဧက ၄၀၀၀၊ သပိတ်ကျင်း၌ ဧက ၁၀၀၀၊ တကောင်းတွင်ဧက ၂၀၀၀ တို့ဖြစ်ပြီး ကြံခင်းအသစ်စိုက် ဧကပေါင်း ၇၆၀၆ ဧကကို စိုက်ပျိုးရန်လျာထားဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကြံသီးနှံက မြေတွင်းအစိုဓာတ်ကို ကြိုက်နှစ်သက်တဲ့ သီးနှံဖြစ်ပါတယ်။ အလွှန်မခြောက်သွေ့လွန်း၊ မပူလွန်းတဲ့နေရာတွေမှာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။ အစိုဓာတ်တွေစပြီးရတဲ့ ဖေဖော်ဝါရီလမှာ စပြီးစိုက်ပျိုးမှာပါ။ တောင်သူတွေ အဆင်ပြေစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဌာနမှ စမ်းသပ်ကွက်၊ စံပြကွက်များ ပြုလုပ်ပြသပြီး မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးခြင်း၊ သကြားစက်ရုံတွေနဲ့ တောင်သူတွေကြားညှိနှိုင်းပြီးတော့ ကြိုတင်စိုက်ပျိုးစရိတ်ချေးငွေသဘောမျိုး အနေနဲ့ ကန်ထရိုက်လယ်ယာစနစ်(Contract Farming) ဆောင်ရွက်ပေးထားပါတယ်။ ကြံကို စနစ်တကျ စိုက်ပျိုးပြီး ပြုစုပျိုးထောင်ပေးမယ်ဆိုရင် ဝင်ငွေကောင်းတဲ့ သီးနှံတစ်ခုဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ စိုက်ပျိုးသင့်ပါတယ်။ ကြံတွေရဲ့ အရည်အသွေး မကျဆင်းစေရေးနဲ့ တောင်သူတွေရဲ့ ဝင်ငွေတွေကို အပြည့်အဝ ရရှိစေဖို့အတွက်လည်း နည်းပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ကြံစိုက်ပျိုးရာတွင် DAR-4၊ K-95/84၊ KK-3 စသည့် မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးပြီး ကြံတစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၂၅ တန်မှ ၂၇ တန်နှုန်းထွက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က ကြံဈေးနှုန်းသည် တစ်တန်လျှင် ငွေကျပ် ၄၅၀၀၀ မှ ၆၅၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဒေသကုန်ထုတ် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်ရန်နှင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တာဝန်များကို ကျေပွန်အောင်ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက နေပြည်တော်ကောင်စီ၏ နယ်မြေအတွင်းရှိ ဓာတ်အားခွဲရုံများသို့ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ဝန်ထမ်းများအား ထိုသို့တိုက်တွန်းပြောကြားသည်။



ထို့အပြင် ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ရေး အတွက် ထိန်းသိမ်းပြုပြင်မှု လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ ပြီးစီးပါက ဓာတ်အားလက်ခံ ပို့လွှတ်နိုင်ရေးအတွက် Power Flow Analysis များ ဆောင်ရွက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး အလေးပေး ဆောင်ရွက်ရန်၊ လုံခြုံရေးအသိ၊ သတိရှိကြရန်နှင့် ခွဲရုံအတွင်း/အပြင်နှင့် ဝန်ထမ်းအိမ်ရာ သန့်ရှင်းသာယာလှပရေး ပုံမှန်ဆောင်ရွက်ရန်၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရန်၊ ခွဲရုံရှိ Transformer များ၊ Switchgear နှင့် အခြား ခွဲရုံသုံးပစ္စည်းများအား စဉ်ဆက်မပြတ် ထိန်းသိမ်း စစ်ဆေးရန်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ခွဲရုံဖြစ်ရေး အလေးပေးဆောင်ရွက်ရန်၊ အရန်ပစ္စည်းကိရိယာများအား အမြဲအသင့်ရှိနေစေရန်နှင့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းများအား လိုက်နာလျက် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး အသိ၊ သတိဖြင့် အစဉ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့ ၂၃၀ ကေဗွီ ရွှေမြို့ပင်မ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက သာစည်ပင်မဓာတ်အားခွဲရုံနှင့် ဘီလူးချောင်းအမှတ် (၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားကို ၂၃၀ ကေဗွီ ဓာတ်အားလိုင်းများဖြင့် လက်ခံပြီး နေပြည်တော် (၂) ဓာတ်အားခွဲရုံနှင့် ပျဉ်းမနားဓာတ်အားခွဲရုံတို့မှတစ်ဆင့် နေပြည်တော်နှင့် တောင်ပိုင်းရှိ ဓာတ်အားခွဲရုံများသို့ ပို့လွှတ်မှုအခြေအနေများ၊ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ဖီဒါများမှတစ်ဆင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ၃၃ ကေဗွီ ရေဆင်း GIS (Gas Insulated Substation) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးခွဲရုံအား ကြည့်ရှုစစ်ဆေးစဉ် အင်ဂျင်နီယာချုပ်က ၎င်းခွဲရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှု အခြေအနေကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ၃၃ ကေဗွီ ပုဗ္ဗသီရိလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးခွဲရုံအား ကြည့်ရှုစစ်ဆေးစဉ် ဒုတိယ အင်ဂျင်နီယာချုပ်က လျှပ်စစ်ဓာတ်အားပြည့်ဝစွာ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ပင်မဓာတ်အားခွဲရုံ၏ Switchyard အတွင်း ကြည့်ရှုစစ်ဆေးပြီး ခွဲရုံရှိ Shunt Reactor ၊ Transformer ၊ Switchgear နှင့် အခြားခွဲရုံသုံးပစ္စည်းများအား ပြစ်ချက်ရှာ စစ်ဆေးရန်၊ ပစ္စည်းကိရိယာများအပေါ်သို့ တိရစ္ဆာန်များ မတက်ရောက်စေရန် အကာအရံ အတားအဆီးများ ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်သုံး အကာအကွယ်ဝတ်စုံများဝတ်ဆင်၍ ထိန်းသိမ်းပြုပြင်မှု လုပ်ငန်းများကို အချိန်ဇယားရေးဆွဲ၍ ပုံမှန် ဆောင်ရွက်ရန်၊ ရမည်းသင်းမြို့သို့ ဓာတ်အားပိုမိုတည်ငြိမ်၍ လေလွင့်ပျောက်ဆုံးမှု နည်းပါးစွာ ပို့လွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ၆၆ ကေဗွီ တိုးချဲ့ Gantry တည်ဆောက်ခြင်းအား သတ်မှတ်ချိန်အတွင်း နည်းပညာအရည်အသွေး စံနှုန်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရန်တို့ကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

## အာရှနှင့် ပစိဖိတ်ဒေသ စားနပ်ရိက္ခာဖူလုံရေး ADB က အထောက်အပံ့ပေးအပ်မည်

အာရှနှင့်ပစိဖိတ်ဒေသတွင် စားနပ်ရိက္ခာဖူလုံရေးသည် စိန်ခေါ်မှုများ ရှိလာပြီး ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလာရခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို လျော့ပါးစေရန် ၂၀၂၂-၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် အထောက်အပံ့ပေးအပ်သွားမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ကြေညာထားသည်။

ယခုနှစ်တွင်သိသိသာသာမြင့်တက်ခဲ့သော စားသောက်ကုန်ဈေးနှုန်းများနှင့် ဆင်းရဲမွဲတေမှုတို့ကြောင့် ဒေသတွင်းအစားအစာကူညီထောက်ပံ့သည့် တုံ့ပြန်ဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်သုံးစွဲခဲ့ပြီး ယခုပမာဏသည် ပိုမိုများပြားသည့် အထောက်အပံ့ဖြစ်လာမည် ဖြစ်သည်။ ADB သည် ဒေသတွင်းရှိ လယ်ယာသွင်းအားစုများ၊ အစားအစာထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး စသည့်ကဏ္ဍများတွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအသစ်များမှတစ်ဆင့် အကူအညီများပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသတွင်းစွမ်းအင်အကူးအပြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသစီးပွားရေး၊ ထိရောက်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍများကဲ့သို့ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုသည့် ကဏ္ဍများတွင်လည်း အကူအညီများပေးအပ်သွားမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများသည် ပိုမိုဆိုးရွားလာသဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို မပျက်စီးစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်လာပြီး ဒေသတွင်းရှိ ဝင်ငွေနည်းသော မိသားစုများအတွက် အရေးတကြီးလိုအပ်နေသည့် အထောက်အပံ့ဟု ADB က လက်ခံထားသည်။

ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်များ၊ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် လယ်ယာလုပ်ငန်း ဆောင်ရွက်မှုအလေ့အကျင့်ကောင်းများ လျော့နည်းခြင်းတို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် အစားအစာဈေးနှုန်းများ ကြီးမြင့်လာခြင်း၊ ထောက်ပံ့မှုပြတ်လပ်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ရုရှား-ယူကရိန်းတင်းမာမှုကြောင့် ပိုမိုဆိုးရွားသည့် အခြေအနေများဖြစ်ပေါ်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုနှင့် မြေဆီလွှာ၊ ရေချိုနှင့် အဏ္ဏဝါဂေဟစနစ်များ ပျက်စီးယိုယွင်းမှုဖြစ်ပေါ်လာစေမည့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့မှ ကာကွယ်ရန်နှင့် ဒေသတွင်းသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရေးသည် ရေရှည်မျှော်မှန်းချက် တစ်ခုဖြစ်ပြီး လယ်သမားများနှင့် လယ်ယာစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးသွားရန် ဖြစ်ပါသည်။ ADB ၏ အကူအညီပေးရေးအစီအစဉ်ကို ယခုနှစ် ၂၀၂၂ ခုနှစ်တွင် စတင်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**လှဲ့လှဲ့နှင်း (MYANTRADE)**

## သိန်းနီမြို့နယ် ပြည်သူ့ဝန်ထမ်းငွေစုငွေချေး သမဝါယမအသင်းက စုဆောင်းငွေပေါ်အတိုးနှင့် စားသောက်ကုန်များ ထောက်ပံ့

**တောင်ကြီး အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သိန်းနီမြို့နယ် ပြည်သူ့ဝန်ထမ်းငွေစုငွေချေး သမဝါယမအသင်း လီမိတက်က ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လတာအတွက် စုဆောင်းငွေပေါ် အတိုးထုတ်ပေးခြင်းကို အဆိုပါ အသင်းရုံးခန်း၌ ပြုလုပ်ခဲ့သည်။ ထို့နောက် အသင်းမှ အသင်းသား ၅၁၂ ဦးအား စုဆောင်းငွေပေါ်အတိုးငွေကျပ် ၂၁၈ သိန်းကျော်ထုတ်ပေးခဲ့ပြီး အသင်းသားတစ်ဦးလျှင် ငွေကျပ် ၁၂၂၅ တန်ဖိုးရှိ စားသုံးဆီ၊ ကြက်သွန်နီနှင့် ဆား စသည့် စားသောက်ကုန်ပစ္စည်းစုစုပေါင်း တန်ဖိုးငွေကျပ် ၆၂ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မိုင်းရယ်မြို့နယ်၌ မိုးစပါး စံပြကွက်ရိတ်သိမ်း

**မိုင်းရယ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်းမိုင်းရယ်မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး တစ်ဧက တင်း ၁၀၀ အထွက်နှုန်း ရရှိရေး ၁၀ ဧက စံပြကွက် ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၉ နာရီက နောင်မိုကျေးရွာအုပ်စု ဦးပိုင်အမှတ်(၇)၊ ကွင်းအမှတ် (၁၁)၌ ပြုလုပ်သည်။

အဆိုပါ နွေစပါးစံပြကွက် ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ပြီး မိုးစပါးစံပြကွက် ၁၀ ဧကကို စနစ်တကျ ရိတ်သိမ်းခဲ့သည်။

ထို့နောက် စံကွက်အထွက်တိုင်းတာခြင်းများကို ဆောင်ရွက်ရာ စိုက်ဧက ၁၀ ဧကမှ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၃၂ ဒသမ ၁၉ တင်း၊ အခြောက် ၁၁၉ ဒသမ ၇၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**







မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ စိတ်ကြိုက်ကြည့်ရှုလေ့လာကြစဉ်။

❑ *ကျော့ဖုံးမှ*

ကျောက်စိမ်းအရိုင်းတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် ၇၅၁ မှ အတွဲအမှတ် ၁၅၀၀ အထိ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ကျောက်စိမ်းအတွဲအမှတ် ၇၅၁ မှ အတွဲအမှတ် ၁၅၀၀ အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ကျောက်စိမ်းအတွဲပေါင်း ၆၅၂ တွဲရောင်းချရကြောင်း ကြေညာသည်။

ပြပွဲ နောက်ဆုံးနေ့တွင် ကျန်ရှိနေသည့် ကျောက်စိမ်း အတွဲအမှတ် ၁၅၀၁ မှ အတွဲအမှတ် ၂၁၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀ အနက်မှ အတွဲပေါင်း ၃၆၂ တွဲ၊ ကျောက်မျက်အတွဲ ၁၂၀ အနက်မှ အတွဲပေါင်း ၅၅ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက်မှ ၆၆၅ တွဲ ရောင်းချခဲ့ရပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကိုလည်း အောက်တိုဘာ ၂၅ ရက်တွင် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယနေ့ရောင်းချသည့် ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း "စီတရန်"သည် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

**ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "စီတရန်(SITRANG)"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ သံတွဲမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၇၀ ခန့်၊ စစ်တွေမြို့၏ အနောက်ဘက် ရေမိုင် ၁၇၀ ခန့်၊ မောင်တောမြို့၏ အနောက်-အနောက်တောင်ဘက်ရေမိုင် ၁၄၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဆာဂါကျွန်း၏ အရှေ့တောင်ဘက်ရေမိုင် ၁၃၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘရာဆောမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၁၄၅ မိုင်ခန့် အကွာပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "စီတရန်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။


**ဆိုင်ကလုန်းမုန်တိုင်း "စီတရန်"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "စီတရန်"သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၂၀ ဒသမ ၃ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၉ ဒသမ ၉ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၉၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၁၈ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "စီတရန်"သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၆ နာရီအတွင်း အားကောင်း

၂၄-၁၀-၂၀၂၂ ရက်နေ့ (၁၇:၃၀) နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "စီတရန်(SITRANG)" လမ်းကြောင်းပြမြေပုံ




သော ဆိုင်ကလုန်းမုန်တိုင်း "စီတရန်" အဖြစ်သို့ အားကောင်းလာနိုင်ကာ နောက် ၁၂ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေ တင်ကိုနာကျွန်းနှင့် ဆန်းဝစ်(ပ်)ကျွန်းတို့အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

ဆိုင်ကလုန်းမုန်တိုင်း "စီတရန်"၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၆ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၆၀ မှ ၆၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၈ ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ပေခန့်ရှိနိုင်သည်။

မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသသည် မုန်တိုင်းရွေ့လျားနေသည့် လမ်းကြောင်း၏ လက်ယာဘက်တွင်ရှိနေပါသဖြင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ ၄၅ မိုင်အထိလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင်၂၀ မှ ၂၅ မိုင်အထိလည်းကောင်း တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "စီတရန်"၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး ၊မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပေါက်တော၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၀ ခန့်နှင့် ကျောက်စီရေထိန်းနံရံ ပျက်စီး

**ပေါက်တော အောက်တိုဘာ ၂၄**

ပေါက်တောမြို့နယ်အတွင်း ယနေ့လေပြင်းများ တိုက်ခတ်မှုကြောင့် မြစ်ကမ်းဘေးရှိ ဆင်တက်မော်ကျေးရွာ၊ ဘော်ဒလီကျေးရွာ၊ ပိုက်ဆိပ်ကျေးရွာ၊ တောတန်းကျေးရွာများ၌ အိမ်ခြေ ၂၀ ခန့် အိမ်ခေါင်မိုးများ ပျက်စီးသွားခဲ့ပြီး ဒီရေ ခြောက်ပေခန့်တက်ကာ လှိုင်းရိုက်ခတ်မှုကြောင့် ကျောက်စီရေထိန်းနံရံ ပေ ၄၀၀ ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းအနီးနေထိုင်သူ ကျေးရွာသူ ကျေးရွာသား ၂၀၀ ခန့်ကို နီးစပ်ရာဘုန်းတော်ကြီးကျောင်းများသို့ အရေးပေါ် ပြောင်းရွှေ့နေရာချထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မူးယစ်ဆေးဖြတ်ပြီးသူများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်

နေပြည်တော် အောက်တိုဘာ ၂၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက လူငယ်သင်တန်းကျောင်း(ရွှေပြည်သာ) တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိပြီး သင်တန်းကျောင်းသို့ ရောက်ရှိလာသောကလေးသူငယ်များအား စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ပို့ချပေးနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။**



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းအတွင်း တည်ဆောက်ပြီးစီးသည့်သင်တန်းသား အိပ်ဆောင်၊ ထမင်းစားဆောင်၊ မီးဖိုချောင်နှင့် ကွန်ကရစ်လမ်းခင်းကျင်း ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မူးယစ်ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) သို့ ရောက်ရှိပြီး မူးယစ်ဆေးဖြတ်ပြီးသူများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းနိုင်ရေး ဆောင်ရွက်နိုင်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စနစ်တကျပြုစုမှတ်တမ်းတင်ထားရမည်ဖြစ်ကြောင်း၊ စခန်းအခြေပြုသင်တန်းများ ဖွင့်လှစ်ပြီးစီးပါက ၎င်းတို့တတ်မြောက်ထားသော ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရေး အရပ်ဘက်လုပ်ငန်းရှင် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးသွားရမည်ဖြစ်ကြောင်း မှာကြားပြီး သင်တန်းဆောင်အတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသို့ ရောက်ရှိပြီး အမြင်အာရုံမသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး သင်ယူလျက်ရှိသည့် ပညာရပ်များအပေါ် စိတ်ဝင်တစား တက်ကြွစွာပူးပေါင်းပါဝင်နိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး ကူညီပေးသွားရန်ဖြစ်ကြောင်း၊ မျက်မမြင် လက်စမ်း စာပေများ၊ Audio Book များ စုံလင်ကျယ်ပြန့်စွာ ရရှိနိုင်ရေး၊ လိုအပ်ချက်များကို CheckList ဖြင့် ပြုစုထားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းအတွင်းရှိ သင်တန်းသားများ မျက်မမြင်လက်စမ်းစာပေများ ထုတ်လုပ်နေမှု၊ စာပေ၊ ဂီတ၊ ရသ၊ အားကစား စသည့်ပညာရပ်များနှင့် မျက်မမြင်အကြောပြင်ပညာရပ်များ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသမီးကလေးများ သင်တန်းကျောင်း (ထောက်ကြန့်) သို့ ရောက်ရှိပြီး သင်တန်းကျောင်း တိုးတက်ရေး၊ လက်ခံစောင့်ရှောက်ထားသော ကလေးသူငယ်များ ပညာရည်တိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလေ့ကျင့်နိုင်စေရေး၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်စေရေးနှင့် နေ့စဉ်နေထိုင်မှုဘဝ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနေမှု အခြေအနေများနှင့် သင်တန်းသူ အိပ်ဆောင်၊ ထမင်းစားဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသိပညာပေးလုပ်ငန်းများကို တတ်နိုင်သရွေ့ ထဲထဲဝင်ဝင် ကြိုးစားဆောင်ရွက်



ဒုတိယဝန်ကြီး ဦးရဲတင့် မကွေးတိုင်းဒေသကြီးအတွင်းမှ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် မကွေးခရိုင် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မကွေးခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မင်းဘူးခရိုင် ဦးစီးမှူးနှင့် အရာထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မင်းဘူးဇုန်နယ်မှူးနှင့် မကွေးသတင်းဗျူရိုမှ ဝန်ထမ်းများ၊ မကွေးကိုယ်ပွားသတင်း စာတိုက် တာဝန်ခံတို့အား တွေ့ဆုံသည်။

**ဆွေးနွေး မှာကြား**

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားရာတွင် ဝန်ထမ်းများပီပီ သစ္စာရှိ၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရေး၊ အသိပညာပေး လုပ်ငန်းများကို တတ်နိုင်သရွေ့ ထဲထဲဝင်ဝင် ကြိုးစားဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ကာကွယ်ရေးကို အရှိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

# လဂွန်းပြင် ရေသန့်စင်စက်ရုံမှ တိုးချဲ့ပေးဝေနိုင်၊ စက်မှုဇုန်များသို့ ရေပေးဝေနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၄**

ယာဉ်သွားလာမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှု များပြားလာသည့်အပြင် လမ်းဆုံမီးပွိုင့်များတွင် တောင်းရမ်း စားသောက်သူများကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ပိုမိုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ကော်မတီဝင်နှင့်ဌာနမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်မြို့တော်ဝန်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ပြီး တောင်းရမ်း စားသောက်သူ ကလေးသူငယ်များ မရှိစေရေး စည်းကမ်းထိန်းသိမ်း ဆောင်ရွက်ရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေး အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့ပြင် မြို့တော်ဝန်က နေကြာစိုက်ပျိုးရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်၊ လဂွန်းပြင် ရေသန့်စင်စက်ရုံမှ တိုးချဲ့ပေးဝေနိုင်ပြီဖြစ်သဖြင့် မြို့နယ်၊ ရပ်ကွက်များသို့ ရေဆက်သွယ်ပေးမှုများနှင့် စက်မှုဇုန်များသို့ ရေပေးဝေနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ ရုံးအဆောက်အဦနှင့် နေအိမ်ခြံဝင်းများ သန့်ရှင်းသာယာ သပ်ရပ်ရေး မြို့တော်သတင်းစာနှင့် မြို့တော်အသံလွှင့်ဌာနမှ အသိပေးနှိုးဆော်မှုများ ဆက်လက်ဆောင်ရွက်ရန်၊ ယာဉ်ကြောပြမျဉ်း ဆေးဆွဲအမှတ်အသားများ၊ လမ်းညွှန်ဆိုင်းဘုတ်များ သစ်လွင်စေရေး ဆောင်ရွက်ရန် မှာကြားသည်။



ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ဆောင်းသီးနှံနေကြာစိုက်ပျိုးရန် မြေပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ အစည်းအဝေးတွင် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့ပြင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ထိန်ပင်နောက်ဆုံး စွန့်ပစ်အမှိုက်ပုံ မြေရိုင်းယာကေ ၅၀ တွင် ဆောင်းသီးနှံ နေကြာစိုက်ပျိုးရန် မြေပြုပြင်နေမှုနှင့် တွံတေးမြို့နယ် ရေတွင်းကုန်း-ခရမ်း၀ မြေသားလမ်းကို ကွန်ကရစ်ခင်းရန် မြေပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ် (၉၀) မြောက် အင်တာပိုလ်အထွေထွေညီလာခံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် တက်ရောက်

## ပြည်ပနိုင်ငံများတွင် ခိုအောင်းနေသော မြန်မာနိုင်ငံသားအကြမ်းဖက်သမားများအား တည်ဆဲဥပဒေများနှင့်အညီ တားဆီးနှိမ်နင်းရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၄**

အင်တာပိုလ်၏ ဖိတ်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်၍ အဆင့်မြင့်ရဲအရာရှိကြီးများ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသည့် အကြိမ် (၉၀) မြောက် အင်တာပိုလ် အထွေထွေညီလာခံ (90th Session of INTERPOL General Assembly) သို့ တက်ရောက်ခဲ့သည်။

အကြိမ် (၉၀) မြောက် အင်တာပိုလ်အထွေထွေညီလာခံကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အမျိုးသားဗဟိုဌာန(National Centre)တွင် အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပရာ အင်တာပိုလ်အဖွဲ့ဝင် ၁၉၅ နိုင်ငံအနက် နိုင်ငံ ၁၇၀ တို့မှ ပြည်ထဲရေးဝန်ကြီးဌာန ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာနတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရဲအဖွဲ့ အကြီးအကဲ (ရဲချုပ်)များဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့၊ အင်တာပိုလ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ UAE ရဲချုပ် Mr. Ahrmed Nassar al–Raisi၊ အင်တာပိုလ်အထွေထွေအတွင်းရေးမှူးချုပ် Mr.Jurgen Stockနှင့် အမှုဆောင် ကော်မတီဝင်များ၊ နိုင်ငံတကာမှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

**စတင်ဖွင့်လှစ်**

အကြိမ် (၉၀) မြောက် အင်တာပိုလ်အထွေထွေညီလာခံဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Narendra Modi တက်ရောက်မိန့်ခွန်းပြောကြားသည်။ ထို့နောက် အင်တာပိုလ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ UAE ရဲချုပ် Mr. Ahrmed Nassar al–Raisi နှင့် အိန္ဒိယနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့က အမှာစကားများပြောကြား၍ ညီလာခံကို စတင်ဖွင့်လှစ်သည်။

ညီလာခံပထမနေ့ အောက်တိုဘာ ၁၈ ရက်တွင် ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း အဓိက မှုခင်းများဖြစ်ပွားနေသည့်ပုံစံနှင့် အလားအလာများကို ကျွမ်းကျင်သူများ၏ လေ့လာသုံးသပ်ချက် (Operational Highlights and Presentation of INTERPOL's Global Crime Trend Report 2022) ကို ရှင်းလင်းတင်ပြခြင်း၊ အဂတိလိုက်စားမှုနှင့် ငွေကြေးဆိုင်ရာမှုခင်းများ တိုးတက်ဖြစ်ပေါ်လာမှုအပေါ် ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ပိုင်ခွင့်နှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် တိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ညီလာခံဒုတိယနေ့ အောက်တိုဘာ ၁၉ ရက်နှင့် တတိယနေ့ အောက်တိုဘာ ၂၀ ရက်တို့တွင် ယူကရိန်းနိုင်ငံရဲအဖွဲ့မှ တင်သွင်းသည့် အင်တာပိုလ်အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်ကို ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တင်သွင်းသည့် အင်တာပိုလ်လုပ်ငန်းအဖွဲ့များ၏ အုပ်ချုပ်မှုစနစ်နှင့် ပတ်သက်သည့် အဆိုပြုမူကြမ်း သုံးခုတို့ အပါအဝင် ၂၀၂၅ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်တာပိုလ်မှုခင်း တိုက်ဖျက်ရေးဆိုင်ရာ အဆိုပြုမူကြမ်းများ စုစုပေါင်း ၁၄ ခုတို့ကို ဆွေးနွေးခဲ့ကြပြီး မဲစနစ်ဖြင့် အတည်ပြုခြင်း ဆောင်ရွက်ခဲ့သည်။

ညီလာခံ စတုတ္ထနေ့ အောက်တိုဘာ ၂၁ ရက်တွင် အင်တာပိုလ်အမှုဆောင်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ တစ်နေရာနှင့် အာဖရိကဒေသအမှုဆောင်ကော်မတီ အဖွဲ့ဝင် နှစ်နေရာတို့ကို မဲစနစ်ဖြင့် ရွေးချယ်အတည်ပြုပြီး အနိုင်ရရှိသူများအား တာဝန်ပေးခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ၂၀၂၃ ခုနှစ်တွင် (၉၁) ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ လက်ခံကျင်းပရန် ဩစတြီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးက ကြေညာအဖွင့်အမှာစကားပြောကြားခြင်း၊ ၂၀၂၅ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံနှင့် ပတ်သက်၍ သဘောထားမေးမြန်း ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**အောင်မြင်စွာ ပြီးဆုံး**

ထို့နောက် အကြိမ် (၉၀)မြောက် အင်တာပိုလ်အထွေထွေညီလာခံ အောင်မြင်စွာ ပြီးဆုံးခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ အိန္ဒိယနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီး(UNION HOME MINISTER) H.E.Shri Amit Shah နှင့် အင်တာပိုလ် အမှုဆောင်ကော်မတီဥက္ကဋ္ဌ Mr. Ahrmed Nassar al–Raisi၊ အင်တာပိုလ်အထွေထွေအတွင်းရေးမှူးချုပ် Mr.Jurgen Stock တို့က အမှာစကားများ ပြောကြားခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်သည် အင်တာပိုလ်ညီလာခံ တက်ရောက်စဉ်အတွင်း အစည်းအဝေးပထမနေ့တွင် မလေးရှားနိုင်ငံ CID ညွှန်ကြားရေးမှူးချုပ် ရဲဗိုလ်ချုပ် Kamarudin BINMP DIW နှင့် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံရဲအဖွဲ့ အင်တာပိုလ်အတွင်းရေးမှူး ရုံးမှူးချုပ် Amur Chandra Juli Buana နှင့်လည်းကောင်း သီးခြားတွေ့ဆုံ၍ နယ်စပ်ဒေသမှ တရားမဝင် ခိုးဝင်နေသည့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံသားများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး၊ ၎င်းတို့နိုင်ငံတွင် ရောက်ရှိနေသည့် ပြစ်မှုကျူးလွန်နေသူမြန်မာနိုင်ငံသားများ ဖမ်းဆီးလွှဲပြောင်းပေးရေးတို့ကို နှစ်နိုင်ငံ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရေး၊ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးသည်။

အစည်းအဝေး ဒုတိယနေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်သည် ရုရှားနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Chief Prosecutor (ရှေ့နေချုပ်) Mr. MOTORENKS MKAALL ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေး၍ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။

အစည်းအဝေးတတိယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲချုပ် Mr. Chowdhury Abudullah Al MAMUN ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ တရုတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် အင်တာပိုလ်အမှုဆောင်ကော်မတီဝင် Mr. Binchen HU ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်ဒေသတွင် Online လောင်းကစားမှုများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လန်ချန်း–မဲခေါင် မြစ်ကြောင်းလုံခြုံရေးတွင် LMLECC နှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။

အစည်းအဝေးစတုတ္ထနေ့တွင် အင်တာပိုလ်အထွေထွေအတွင်းရေးမှူးချုပ် Mr. Jurgen Stock၊ အင်တာပိုလ်မှုခင်းတိုက်ဖျက်ရေးတာဝန်ခံနှင့် အမှုဆောင်ကော်မတီဝင် Mr. Stephen Kavanagh တို့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အင်တာပိုလ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ပနိုင်ငံများတွင် ခိုအောင်းနေသော မြန်မာနိုင်ငံသားအကြမ်းဖက်သမားများအား တည်ဆဲဥပဒေများနှင့်အညီ တားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဆွေးနွေးသည်။

**အလွတ်သဘောတွေ့ဆုံ**

ဆက်လက်၍ ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့ ရဲချုပ် H.E. Police General Damrongsak Kittiprapas နှင့်အင်တာပိုလ်ညီလာခံတွင်အလွတ်သဘောတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး အောက်တိုဘာ ၂၂ ရက်တွင် ဘန်ကောက်မြို့ လေဆိပ်အနီး Novotal Hotel အစည်းအဝေးခန်းမ၌ ထိုင်းတော်ဝင်ရဲအဖွဲ့ ရဲဗိုလ်ချုပ် Khemmarin Hassiri ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်တွင် တတိယနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေမှု၊ မြန်မာနိုင်ငံသားအကြမ်းဖက်သမားများ ထိုင်းနိုင်ငံနယ်စပ်တွင် ခိုအောင်းနေမှုများသည် နယ်စပ်ဒေသလုံခြုံရေးကို ဆိုးရွားစွာထိခိုက်စေသည်ဖြစ်၍ ရဲတပ်ဖွဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိရောက်စွာဖော်ထုတ်တားဆီးအရေးယူနိုင်ရေး၊ မူးယစ်ဆေးဝါးသယ်ဆောင်မှုတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ နှစ်နိုင်ငံရဲတပ်ဖွဲ့ လုပ်ထုံး လုပ်နည်းများနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အကြိမ် (၉၀) မြောက် အင်တာပိုလ်အထွေထွေညီလာခံ(90th INTERPOL General Assembly)သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

# မအီမြို့၌ ရခိုင်ပြည်နယ် စည်ပင်သာယာရေး ရန်ပုံငွေကျပ် သန်း ၁၀၀ ကျော်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မအီ အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့တွင် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုဘဏ္ဍာနှစ်တွင် မအီမြို့ အခြေစိုက် "မိဘဂုဏ်ဆောင် " ကုမ္ပဏီက ငွေကျပ်သန်း ၁၃၇ ဒသမ ၈၈၅ ဖြင့် တင်ဒါအောင်မြင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမှတ် (၄) ရပ်ကွက်ရှိ စံပယ်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် မြောင်းကူးတံတားနှစ်စင်းတည်ဆောက်ခြင်း၊ ကမ်းနားလမ်း၊ ဖြတ်လမ်း (၁) ပေါ်တွင် မြောင်းကူးတံတား လေးစင်း တည်ဆောက်ခြင်း၊ အမှတ်(၃)ရပ်ကွက်ရှိ ရုံးတက်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် အမှတ်(၁)ရပ်ကွက်ရှိ ဘုန်းကြီးကျောင်းလမ်း ကွန်ကရစ်ခင်းခြင်းစသည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးမှုရှိရေးအတွက် မအီမြို့ စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ခံဦးစီးမှူး ဦးညီညီလွင်နှင့် အဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လမ်းများမှာ ယခုအချိန်တွင် ရာခိုင်နှုန်း ၃၀ ကျော်မျှ ပြီးစီးနေပြီဖြစ်၍ လာမည့် ဇန်နဝါရီ လကုန်ပိုင်းတွင် လုပ်ငန်းပြီးစီးမှုကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် မအီမြို့ စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ဌာနမှဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်း ခြောက်ခုရှိကြောင်း မအီမြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်မင်းဟန်က ပြောကြားသည်။

**မောင်မောင်ဌေး**

(မြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၀-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၀၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၅ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၈၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၅၅ | ၂၆၂၀ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၈၉၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၅၂၀ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၈ |
| 95 Ron | ၁၉၇၆ | ၂၀၄၉ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၂၅၄၇ | ၂၆၂၇ |
| HSD (10 ppm) | ၂၅၄၇ | ၂၆၂၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

○ ကျောဖုံးမှ

သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ရောဝတီအသင်းအတွက် ဂိုးများကို ၃၇ မိနစ်တွင် ရန်ကျော်ထွေးနှင့် ၄၅+၁ မိနစ်တွင် ရာဇာအောင်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် GFA အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရောဝတီအသင်းအတွက် ရန်ကျော်ထွေးက ၅၂ မိနစ်တွင် စတုတ္ထဂိုး သွင်းယူခဲ့သည်။

ယင်းနောက်ပိုင်းတွင် GFA အသင်း ချေပဂိုးရရန် ကြိုးပမ်းလာရာ ၇၂၊ ၇၄ မိနစ်တွင် သန်းတိုးအောင်က နှစ်ဂိုးဆက်သွင်းယူခဲ့သဖြင့် မျှော်လင့်ချက်ရှိလာသော်လည်း ၇၅ မိနစ်တွင် ညီညီအောင်က ရောဝတီအတွက် အနိုင်သေချာစေမည့် နောက်တစ်ဂိုး သွင်းယူခဲ့သဖြင့် GFA အသင်း အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် ရောဝတီအသင်းက ၁၅ ပွဲကစား ရမှတ် ၂၆ မှတ်၊ GFA အသင်းက ၁၆ ပွဲကစား ရမှတ် ၁၀ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၇) လက်ကျန်ပွဲများအဖြစ် အောက်တိုဘာ ၂၆ ရက်တွင် ဟံသာဝတီအသင်းနှင့် မြဝတီအသင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း - ရဲရင့်လွင်
ဓာတ်ပုံ- MNL

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၁၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၁၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၇၅၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၅၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ ဒေသခံပြည်သူ ၁၅၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**အခမဲ့ပေးဝေ**

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

## ကူမင်းမြို့တွင် (၆) ကြိမ်မြောက် တရုတ်- တောင်အာရှကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်- သွင်းကုန်ပြပွဲ ကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ၃၀-၁၀-၂၀၂၂ ရက်မှ ၇-၁၁-၂၀၂၂ ရက်အတွင်း Online, Offline နှစ်မျိုး စလုံးဖြင့် ကျင်းပမည့် (၆) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲများကို တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်နှင့် တောင်အာရှနိုင်ငံများ၏ ကုန်သွယ်ရေးအာဏာပိုင်များက ပူးပေါင်းကျင်းပမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲသည် Kunming Dianchi International Convention and Exhibition Center တွင် အဓိကပွဲကျင်းပမည်ဖြစ်ပြီး Green Energy Pavilion၊ Modern Plateau Agriculture Pavilion၊ Opening-up and Cooperation Pavilion၊ Biomedicine and General Health အပါအဝင် ၎င်း၏ စတုရန်းမီတာ ၁၃၀၀၀၀ ရှိ ပြပွဲခန်းမအတွင်း မဏ္ဍပ် ၁၃ ခု ပါဝင်မည်ဖြစ်သည်။

အွန်လိုင်းပွဲကို www.csa-expo.com မှ တစ်ဆင့် တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည့်အပြင် 2022 GMS စီးပွားရေးစင်္ကြံ အုပ်ချုပ်ရေးမှူးများဖိုရမ်၊ (၃) ကြိမ်မြောက် တရုတ်-တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ (၁၀) ကြိမ်မြောက် ယူနန်-တိုင်ပေ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုညီလာခံအပါအဝင် ဖိုရမ်များနှင့် တိုက်ရိုက်ထုတ်လွှင့်မှုလှုပ်ရှားမှုများ၊ (၁၅) ကြိမ်မြောက် တရုတ်-တောင်အာရှစီးပွားရေးဖိုရမ်နှင့် (၁၈) ကြိမ်မြောက် အာဆီယံနိုင်ငံရပ်ခြား တရုတ်လုပ်ငန်းရှင်များ ညီလာခံကိုလည်း Online နှင့် Offline တို့တွင် တစ်ပြိုင်နက်ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဝ၆၇ - ၃၄၀၈ ၆၀၈ နှင့် ဝ၆၇-၃၄၀၈ ၆၂၂ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့**

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့မှုမြင့်တက်



ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် လက်ရှိကာလတွင် ဆန်ကွဲ၊ Rubber MSR 20၊ RUBBER R.S.S (3)၊ RUBBER R.S.S (2)၊ နှံစားပြောင်း၊ ပြောင်းတို့ကို အဓိကထား တင်ပို့လျက်ရှိပြီး ဝဥအစို၊ ဝဥအခြောက်၊ လက်ဖက်ခြောက်၊ Concentrate Latex 60% DRC (ရော်ဘာကြမ်း) တို့ကိုလည်း တင်ပို့လျက်ရှိသည်။ ယခုရက်ပိုင်းအတွင်း ပြောင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ပြောင်းတင်ပို့မှု များပြားလာလျက်ရှိသည်။ ဆန်ကွဲနှင့် နှံစားပြောင်းတို့ကို တစ်ဖက်နိုင်ငံအကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form - E ဖြင့် တင်ပို့ခဲ့သည်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ (၁၅-၁၀-၂၀၂၂ မှ ၂၁-၁၀-၂၀၂၂) ရက်အထိ တစ်ပတ်အတွင်း ပို့ကုန်လုပ်ငန်း ဆောင်ရွက်မှုမှာ ၂ ဒသမ ၁၉၇ ဒေါ်လာသန်းဖြစ်ပြီး ယခင်တစ်ပတ်ပို့ကုန်ဆောင်ရွက်မှုမှာ ၁ ဒသမ ၆၇၉ ဒေါ်လာသန်း ဖြစ်သည့်အတွက် ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ပိုမိုခဲ့သည်။

လက်ရှိကာလတွင် ချင်းရွှေဟော်မြို့၏ ဒေသပေါက်ဈေးအရ ယွမ်ငွေ ၁ ယွမ်လျှင် ငွေ ၄၂၆ ကျပ်၊ ငွေ ၄၃၅ ကျပ် ဝန်းကျင်ဖြစ်ပေါ်လျက်ရှိပြီး ငွေလဲနှုန်းပြောင်းလဲမှုအရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်း အနည်းငယ်ပြောင်းလဲမှုရှိသည်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမုတ်တန်ချိန် ၄၅ တန် တင်ပို့နိုင်



မောင်တော ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့နေသော ရေထွက်ပစ္စည်း ပို့ကုန်အမယ်များထဲတွင် ငါးမြစ်ချင်းအပြင် ငါးမုတ်သည်လည်း ရေထွက်ပစ္စည်းအမယ်တစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို ဒေသအလိုက် အဓိကစီးပွားရေးလုပ်ငန်း အဖြစ် လုပ်ကိုင်လျက်ရှိကြရာ ငါးမုတ်များကို ဘင်္ဂလားဒေ့ရှ်ဈေးကွက်အပါအဝင် ပြည်ပဈေးကွက်များသို့လည်း ထိုးဖောက်ရောင်းချနိုင်ခဲ့ဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ခြောက်လတာကာလအတွင်း ငါးမုတ်တန်ချိန် ၄ ဒသမ ၈၂ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ငါးမုတ်တန်ချိန် ၄၅ ဒသမ ၃၀ တန် တင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (Mini Budget) ကာလထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။ တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင် ဝယ်လိုအားရှိသောကြောင့် မြန်မာ့ငါးမုတ်သည် အလားအလာ ကောင်းသော ပို့ကုန်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

## ဘီးလင်းမြို့နယ်ထွက် အိုးများ မော်လမြိုင်၊ ဘားအံနှင့် ပဲခူးမြို့များသို့ တင်ပို့



မွန်ပြည်နယ် ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာ၌ အိုးများ ထုတ်လုပ်ရာတွင် သဲတစ်ကျင်း၊ ရွှံ့တစ်ကျင်းအသုံးပြုလျှင် အိုးမျိုးစုံ ၁၀၀၀ ခန့်ထွက်ရှိပြီး အိုးတစ်ဖိုဖုတ်လျှင် အိုးမျိုးစုံပါဝင်သည့် အိုးအလုံးရေ ၅၀၀ ပါဝင်ရန် တန်ဖိုးငွေကျပ် ၃၀၀၀၀၀ ရင်းနှီးမြှုပ်နှံရကြောင်း၊ အိုးအမျိုးအစားများမှာ သောက်ရေအိုး၊ ပေါင်းအိုး၊ ပန်းအိုး၊ ငါးပိအိုး၊ ဘုရားပန်းအိုးအပါအဝင် ၂၅ မျိုးခန့် ထုတ်လုပ်ကြောင်း၊ အိုးတစ်လုံးထုတ်လုပ်ရန်ပျမ်းမျှကုန်ကျစရိတ် ငွေကျပ် ၈၀၀ ဝန်းကျင်ရှိကြောင်း၊ ရောင်းဈေးမှာ ရေအိုးတစ်လုံးလျှင် လက်လီဈေး ငွေကျပ် ၁၅၀၀၊ လက်ကားဈေး ငွေကျပ် ၁၂၀၀ ရောင်းချကြောင်း၊ အဆိုပါအိုးများကို မော်လမြိုင်၊ ဘားအံနှင့် ပဲခူးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ နွေရာသီတွင် ပိုမိုရောင်းချရကြောင်း သတင်းရရှိသည်။

**DOCA (မွန်)**

## မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှု ပိုမိုတည်ငြိမ်လာ

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ဒေသတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အတွက် တစ်ဖက်ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား တင်သွင်းလျက်ရှိရာ တရုတ်နိုင်ငံမှ ကြိတ်သားပြားများ (Medium Density Fiber Board၊ Gypsum Board နှင့် Laminated Board)၊ ကော် (Glue) တို့ အများဆုံး တင်သွင်းမှုရှိသည်။ ပို့ကုန်အနေဖြင့် ရော်ဘာစေး (Rubber Latex 60% DRC) ကို အများဆုံးတင်ပို့လျက်ရှိပြီး ယခင်ကဒေါ်လာဖြင့် ဆောင်ရွက်နေရာမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ယွမ်ငွေကြေးဖြင့်ပါ ရံဖန်ရံခါ တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် တာချီလိတ်မြို့ အမှတ် (၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် နှစ်နိုင်ငံ ကုန်သွယ်မှုပြုနေဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု ယခင်ကထက် ပိုမိုတည်ငြိမ်လာပြီဖြစ်သည့်အတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှုနဲ့ ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လာနိုင်ပြီ ဖြစ်သည်။ နှစ်နိုင်ငံနယ်စပ်ဒေသမှ တရားမဝင်ကုန်သွယ်မှု၊ လူကုန်ကူးမှု၊ နယ်စပ်ဖြတ်ကျော် မှုခင်းများ ပပျောက်စေရေးတို့အတွက် မြို့နယ်အဆင့် နယ်ခြားကော်မတီ အစည်းအဝေးများကို ပြန်လည်ကျင်းပ ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများတိုးမြှင့်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြင်ပငွေလဲနှုန်းမှာ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် မြန်မာကျပ်ငွေ တစ်သိန်းလျှင် ဘတ် ၁၂၆၀၊ ၁ ဘတ်လျှင် မြန်မာငွေ ၇၉ ဒသမ ၃၆ ကျပ်ခန့် ပေါက်ဈေးဖြစ်ပေါ်နေသဖြင့် မြန်မာကျပ်ငွေတန်ဖိုး အနည်းငယ် ကျဆင်းလျက်ရှိနေသည်။ တာချီလိတ်ဒေသသည် စီးပွားရေးလုပ်ငန်းရှင်များ စုဝေးရာ နယ်စပ်မြို့ငယ်လေး ဖြစ်သည့်အလျောက် ကုန်သွယ်ရေးလမ်းကြောင်းမှာလည်း ကောင်းမွန်မှုရှိသည်။

## တနင်္သာရီတိုင်းဒေသကြီး ကွမ်းသီးနှင့် သီဟိုဠ်စေ့ဈေးကွက်

ကွမ်းသီးနှင့် သီဟိုဠ်စေ့များသည် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ ကွမ်းသီးတွင် ကွမ်းသီးအလုံးဈေးနှင့် ကွမ်းသီးခွဲခြမ်းဈေးဟူ၍ ဈေးနှုန်း နှစ်မျိုးရှိကြောင်း၊ ယခုအချိန်တွင် ဈေးနှုန်းများကျဆင်းနေပြီး ကွမ်းသီးဈေးမှာ ကွမ်းသီးအလုံး (အခွံမပါ) တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ နှုန်းနှင့် ကွမ်းသီးခွဲခြမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်း ဈေးပေါက်နေကြောင်း သိရသည်။ သီဟိုဠ်စေ့တွင် အခွံမချွတ်ရသေးသော အပင်မှ ဆွတ်ခူးသော အသီးအကြမ်းဈေးနှင့် အခြောက်လှန်းသန့်စင်ပြီး အချောဈေးဟူ၍ ဈေးနှုန်း နှစ်မျိုးရှိကြောင်း၊ သီဟိုဠ်စေ့ ဈေးနှုန်းမှာ သီဟိုဠ်စေ့အကြမ်း တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ရှိပြီး သီဟိုဠ်စေ့အချော တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀၀-၃၃၀၀၀ ရှိကြောင်း သိရသည်။

လက်ရှိကွမ်းသီးဈေးကွက်မှာ ပုံမှန်ဖြစ်၍ အရောင်းအဝယ် သွက်လျက်ရှိသော်လည်း သီဟိုဠ်စေ့ ဈေးနှုန်းမှာ တည်ငြိမ်နေပြီး အရောင်းအဝယ်အေးနေကြောင်း သတင်းရရှိသည်။

**DOCA (တနင်္သာရီ)**



သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# တရုတ်သမ္မတရှီကျင့်ဖျင် သက်တမ်းအရှည်ဆုံး နိုင်ငံခေါင်းဆောင်အဖြစ် စံချိန်ချိုး

ပေကျင်း အောက်တိုဘာ ၂၄

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် နိုင်ငံခေါင်းဆောင် တာဝန်ကို ဆက်လက်ရယူနိုင်ခဲ့ပြီး နိုင်ငံအာဏာကို သက်တမ်းအရှည်ဆုံးရယူနိုင်ခဲ့သည့် နိုင်ငံရေးခေါင်းဆောင်အဖြစ် စံချိန်ချိုးခဲ့သည်။ ရှီကျင့်ဖျင်သည် နိုင်ငံခေါင်းဆောင်အဖြစ် တတိယသက်တမ်းထိတိုင် ရောက်ရှိလာပြီဖြစ်သည်။ ထို့အပြင် ရှီသည် ကြီးထွားလာသော စီးပွားရေး စိန်ခေါ်မှုများကို ကိုင်တွယ်သွားမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။



တရုတ်သမ္မတ ရှီကျင့်ဖျင်။

မိမိတို့၏ ရည်မှန်းချက်နှင့် ယုံကြည်စွာအပ်နှင်းထားသည့် တာဝန်များကို မမေ့ပျောက်ဘဲ မိမိတို့၏ သမိုင်းတာဝန်များကို သစ္စာရှိရှိ ထမ်းဆောင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့သည် ပါတီ၏ ယုံကြည်ချက်နှင့် ပြည်သူများ၏ ယုံကြည်ချက်ကို ဘယ်သောအခါမှ သစ္စာဖောက်မည်မဟုတ်ကြောင်း ရှီကျင့်ဖျင်က ပြောသည်။

ရှီကျင့်ဖျင်သည် ပါတီထိပ်ပိုင်းနေရာအတွက် ခေါင်းဆောင်သစ် လေးဦးကို ရွေးချယ်ခဲ့သည်။ ရွေးချယ်ခဲ့သူအားလုံးသည် ပါတီဝင်ဟောင်းများဖြစ်ကြသည်။

ရှန်ဟိုင်း ထိပ်တန်းကွန်မြူနစ်ပါတီ အရာရှိလီချန်းသည် တရုတ်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

လီခချန်သည် ထိပ်တန်းခေါင်းဆောင်နေရာမှ ရာထူးဖယ်ရှားခြင်း ခံခဲ့ရသည်။ ဒုတိယဝန်ကြီးချုပ် ဟူချွန်ဟွာသည် တရုတ်နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ သို့သော်လည်း ပေါလစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ရာထူးဆုံးရှုံးခဲ့သည်။

ပေကျင်းလမ်းများပေါ်တွင် ပြည်သူများက သမ္မတရှီကျင့်ဖျင်နှင့် ၎င်း၏အစိုးရအဖွဲ့ဝင်သစ်များအပေါ် မျှော်လင့်ချက်မြင့်မြင့်ထားကြောင်း ဖော်ပြခဲ့ကြသည်။

ရှီ၏အစိုးရအဖွဲ့ဝင်သစ်များသည် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ရှင်သန် နိုးထရေးအတွက် စိန်ခေါ်မှုသစ်များကို ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံတွင် သက်ကြီးလူဦးရေ တိုးပွားများပြားပြီး မွေးဖွားမှုနှုန်း နည်းပါးမှုနှင့်လည်း ရင်ဆိုင်နေရသည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

# တာလီဘန်ဝန်ကြီးနှင့် ဂျပန်သံအမတ်ကြီးတို့တွေ့ဆုံ မိန်းကလေးများ၏ပညာရေးနှင့် မီဒီယာလွတ်လပ်ခွင့်များ ဆွေးနွေး

ကဘူးလ် အောက်တိုဘာ ၂၄

တာလီဘန် ယာယီပြည်ထဲရေးဝန်ကြီး ဆီရာဂျူဒင်ဟက်ကါနီသည် အာဖဂန်နစ္စတန်ဆိုင်ရာ ဂျပန်သံအမတ်ကြီး အိုကာဒါ တာကာရှိနှင့် တွေ့ဆုံခဲ့ကြောင်း တာလီဘန်များက ပြောသည်။

ဂျပန်နိုင်ငံသည် လွန်ခဲ့သောလက ကဘူးလ်တွင် သံရုံးပြန်ဖွင့်ပြီးနောက် ယခုလို တွေ့ဆုံမှုပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ဂျပန်သံရုံး ပြန်လည်ဖွင့်လှစ်ခဲ့သည့်အပေါ် ဟက်ကါနီက ကြိုဆိုကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန် ထိရောက်သောခြေလှမ်းတစ်ရပ်အဖြစ်တိုက်တွန်းလိုက်ပြီး ဘေးကင်းလုံခြုံရေးအတွက် ကတိပေးကြောင်း တာလီဘန်အဖွဲ့က ပြောကြားလိုက်သည်။

နှစ်ဖက် အဖွဲ့များသည် မိန်းကလေးများ၏ ပညာရေးနှင့် မီဒီယာလွတ်လပ်ခွင့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ခဲ့ကြောင်း သံရုံးကသတင်းထုတ်ပြန်လိုက်သည်။

လွန်ခဲ့သောနှစ် တာလီဘန်တို့ နိုင်ငံတော်အာဏာရရှိခဲ့ပြီးနောက် ဂျပန်နိုင်ငံသည် ၎င်း၏ သံရုံးကို ယာယီပိတ်ခဲ့သည်။

နိုင်ငံတကာ အသိုင်းအဝိုင်းက တာလီဘန်နှင့် ပတ်သက်ပြီးမည်သို့ ကိုင်တွယ်ရမည်နှင့် ပတ်သက်၍ စောင့်ကြည့်နေချိန်တွင် ယခုလို တွေ့ဆုံမှုဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ






# အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ကမ်းလွန်ရေပိုင်နက်တွင် ခရီးသည်တင်သင်္ဘောတစ်စင်း မီးလောင်ခဲ့ရာ နှစ်ဦး သေဆုံး

ဂျကာတာ အောက်တိုဘာ ၂၄

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း အိစ်တ်နူဆာတန်ဂါရာ ပြည်နယ် ကမ်းလွန်ရေပိုင်နက်တွင် အောက်တိုဘာ ၂၄ ရက်က ခရီးသည်တင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပြီးနောက် ကယ်ဆယ်ရေးသမားများက သေဆုံးသူနှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ၁၅၈ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ပြည်နယ် ရှာဖွေကယ်ဆယ်ရေး အကြီးအကဲက ပြောကြားသည်။

ယနေ့ မိမိတို့ လူ ၁၅၈ ဦးကို အန္တရာယ်ကင်းကင်းနှင့် ကယ်တင်ခဲ့ကြောင်း၊ နှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ် ရှာဖွေကယ်ဆယ်ရေးအကြီးအကဲ ပူတုဆုဒါယာနာက ပြောကြားလိုက်သည်။ ကယ်ဆယ်မှုများကို ခဏတာအဆုံးသတ်လိုက်ပြီး နောက်တစ်နေ့တွင် ဆက်လက်ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပျောက်ဆုံးလူဦးရေ အတိအကျကို ဖော်ပြရန် ဆုဒါယာနာက ငြင်းဆိုထားသလို သင်္ဘောပေါ်၌ ခရီးသည်မည်မျှပါကြောင်းလည်း မဖော်ပြခဲ့ပေ။

ရာသီဥတု ကောင်းမွန်သော်လည်း လှိုင်းကြီးမှုကြောင့် ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်ရာတွင် အဟန့်အတားဖြစ်နေသည်။ အဆိုပါခရီးသည်တင်သင်္ဘောပေါ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းနှင့် ကယ်ဆယ်ရေးများကို ချက်ချင်း လုပ်ဆောင်ခဲ့ကြောင်း ၎င်းကပြောသည်။ ကူပန်မြို့ ဆိပ်ကမ်းမှ ထွက်ခွာလာသော အဆိုပါခရီးသည်တင်သင်္ဘောသည် အဆိုပါပြည်နယ်အတွင်းရှိ အာလောဒေသသို့ ဦးတည်ခုတ်မောင်းနေစဉ် မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ဆင်ဟွာ

# ဆိုမာလီနိုင်ငံတောင်ပိုင်း ဟိုတယ်တိုက်ခိုက်မှု ၁၃ ဦးသေဆုံး

မိုဂါဒစ်ရှူး အောက်တိုဘာ ၂၄

ဆိုမာလီနိုင်ငံ တောင်ပိုင်း ကစ်မာရိုဆိပ်ကမ်းမြို့၌ ဟိုတယ်တိုက်ခိုက်မှုတစ်ခုတွင် တိုက်ခိုက်ရေးသမားများအပါအဝင် အနည်းဆုံး ၁၃ ဦး သေဆုံးခဲ့ပြီး ၄၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း အရာရှိတစ်ဦးက ပြောသည်။

နာမည်ကြီး တာဝါကောဟိုတယ်သို့ ပေါက်ကွဲရေးပစ္စည်းများတင်ဆောင်လာသော ကားတစ်စီး တစ်ရှိန်ထိုးဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှစ်နာရီကြာတိုက်ပွဲကို အဆုံးသတ်ခဲ့ကြောင်း လုံခြုံရေးဝန်ကြီးက သတင်းထောက်များကို ပြောခဲ့သည်။ အသေခံဗုံးခွဲသမားအပါအဝင် တိုက်ခိုက်ရေးသမားလေးဦး အသတ်ခံခဲ့ရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးမျှ ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း လုံခြုံရေးဝန်ကြီးက ပြောသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဟိုတယ်အတွင်း ပိတ်မိနေသူများကို ကယ်တင်ခဲ့ကြောင်းနှင့် ၎င်းကတိုက်ခိုက်မှုကို အယ်လ်ရှာဘတ်စစ်သွေးကြွများက လုပ်ဆောင်ကြောင်း ပြောခဲ့သည်။

ဆင်ဟွာ

# ကမ္ဘာကျော်ပန်းရောင်စိန်တုံးကြီးအပါအဝင် စိန်ခုနစ်လုံးကို နိုင်ငံတကာတင်ဒါခေါ်ယူမည်

လူအန်ဒါ အောက်တိုဘာ ၂၄

ရှားပါး ၁၇၀ ကာရက်ရှိသော လူလိုနှင်းဆီ (Lulo Rose) အပါအဝင် ထူးခြားသည့် စိန်ခုနစ်လုံးကို အန်ဂိုလာနိုင်ငံ မြို့တော် လူအန်ဒါ၌ နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံတကာ တင်ဒါခေါ်ယူသွားမည်ဖြစ်ကြောင်း လူကာပါ စိန်ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် အောက်တိုဘာ ၂၄ ရက်က ဖော်ပြထားသည်။



တင်ဒါခေါ်ယူခြင်းကို အန်ဂိုလာနိုင်ငံပိုင် စိန်ရောင်းဝယ်ရေးကုမ္ပဏီဖြစ်သော ဆိုဒီယမ်မှ ဆောင်ရွက်သွားမည်ဖြစ်သည်။ တင်ဒါတွင် ဆိုဆီယက်ဒေမင်နဲယား ဒိုလူလိုမှ ၂၀၂၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သော စိန်ခုနစ်လုံးပါရှိမည်ဖြစ်ပြီး ၎င်းတို့အနက် စိန်လေးလုံးမှာ အလေးချိန် ၁၀၀ ကာရက်ကျော်ရှိကြောင်း သိရသည်။

၁၇၀ ကာရက်ရှိ ပန်းရောင်စိန်တုံးကြီး (ယာပုံ) သည် အန်ဂိုလာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ အတွင်း တွေ့ရှိခဲ့သည့် အကြီးမားဆုံး ပန်းရောင် စိန်တုံးကြီးဖြစ်သည်။

ဆင်ဟွာ

## ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ရွေးကောက်ပွဲကို ဘောရစ်ဂျွန်ဆင် ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ဟုဆို

**လန်ဒန် အောက်တိုဘာ ၂၄**

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဘောရစ်ဂျွန်ဆင်သည် ဝန်ကြီးချုပ် လစ်ထရက်ဖ်၏ နေရာကို ဆက်ခံမည့် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း ဗြိတိန်ရှိ ဘီဘီစီနှင့် အခြားသော မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ဝန်ကြီးချုပ် လစ်ထရက်ဖ်သည် အောက်တိုဘာ ၂၀ ရက်တွင် ဗြိတိန်ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာထားသူဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးဟောင်း ရစ်ရှီ ဆူးနတ်ခ်နှင့် အောက်လွှတ်တော် ခေါင်းဆောင် ပင်နီ မော်ဒန့်တို့နှစ်ဦးမှာ လက်ရှိအချိန်အထိ ရွေးကောက်ခံရန် အတည်ပြုကိုယ်စားလှယ်လောင်းများဖြစ်ကြောင်း သိရသည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဖြစ်လာရန် ကိုယ်စားလှယ်လောင်းများအနေဖြင့် အောက်လွှတ်တော် ကွန်ဆာဗေးတစ် အဖွဲ့ဝင်အနည်းဆုံး ၁၀၀ ၏ ထောက်ခံမှုရရှိရန် လိုအပ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**





## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်း စီတရန် ဝင်ရောက်

**ဒါကာ အောက်တိုဘာ ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒေသအများအပြားတွင် ဆိုင်ကလုန်းမုန်တိုင်း စီတရန် (Sitrang) ဝင်ရောက်မှုကြောင့် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပွားလျက်ရှိကြောင်းနှင့် အဆိုပါ စီတရန်မုန်တိုင်းမှာ ဘင်္ဂလားဒေ့ရှ် ကမ်းရိုးတန်းတစ်လျှောက် ဦးတည်ရွေ့လျားနေကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ခူလ်နာဒေသရှိ မွန်းလားဆိပ်ကမ်း၏ အနောက်တောင်ဘက် ၅၂၅ ကီလိုမီတာတွင် တည်ရှိနေကြောင်းနှင့် အရှေ့တောင်ပိုင်းရှိ ချက်တိုဂမ်ဆိပ်ကမ်း၏ အနောက်တောင်ဘက် ၅၉၀ ကီလိုမီတာတွင် တည်ရှိနေကြောင်း အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ဘင်္ဂလားဒေ့ရှ်မိုးလေဝသဌာန၏ အထူးထုတ်ပြန်ချက်အရ သိရသည်။

ချက်တိုဂမ်နှင့် ကော့ဘဇားတို့အတွက် အန္တရာယ်အချက်ပြ နံပါတ် ၆ ကို လွှင့်တင်ရန်နှင့် မွန်းလားဆိပ်ကမ်းနှင့် ပေယာဆိပ်ကမ်းတို့အတွက် အချက်ပြနံပါတ် ၇ ကို လွှင့်တင်ရန် မိုးလေဝသခန့်မှန်းသူများက တောင်းဆိုထားကြောင်း အကြီးတန်း မိုးလေဝသပညာရှင် ဟာဖီဇူ ရာမန်းက ပြောသည်။ ထို့အပြင် ဆတ်ခီရာ၊ ခူလ်နာ၊ ဘာဂါဟတ်၊ ပီရောပူလ်၊ ဘာဂူနာ၊ ချန်ပူလ်၊ ဖီနီစသည့် ခရိုင်များ၏ ကမ်းရိုးတန်းဒေသများသည် အန္တရာယ်အချက်ပြ နံပါတ် ၇ အောက်တွင် ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါ ခရိုင်များ၏ ကမ်းရိုးတန်းဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ လေတိုက်နှုန်း တစ်နာရီ ၆၀ ကီလိုမီတာအထိ တိုက်ခတ်နိုင်ကြောင်း ဘင်္ဂလားဒေ့ရှ်မိုးလေဝသဌာနကပြောသည်။ ထို့ကြောင့် ငါးဖမ်းလှေများ၊ ငါးဖမ်းသင်္ဘောများနှင့် ရေကြောင်းသွားလာရေးယာဉ်များကို နောက်ထပ်အသိပေးချက် မထုတ်ပြန်မီအထိ အမိုးအကာအောက်တွင်သာနေရန် အကြံပြုထားသည်။

**ဆင်ဟွာ**

## ကီလီမန်ဂျာရိုတောင်ပေါ်၌ မီးငြိမ်းသတ်ရန် မီးသတ်သမား ၆၀၀ ကျော်ကို တန်ဇန်းနီးယား စုစည်းထား

**ဒါရက်စ်ဆလမ် အောက်တိုဘာ ၂၄**



တန်ဇန်းနီးယား အာဏာပိုင်များသည် အာဖရိက၏ အမြင့်ဆုံးတောင်ဖြစ်သည့် ကီလီမန်ဂျာရိုတောင်ပေါ်တွင် မီးငြိမ်းသတ်ရန်အတွက် မီးသတ်သမား ၆၀၀ ကျော်ကို စုစည်းထားကြောင်း အရာရှိတစ်ဦးက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။

မီးသတ်သမားများကို တန်ဇန်းနီးယားမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့၊ တန်ဇန်းနီးယားအမျိုးသား ဥယျာဉ်၊ ရဲတပ်ဖွဲ့၊ ကင်းထောက်အဖွဲ့၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ခေါ်ယူထားပြီးဖြစ်ကြောင်း ကီလီမန်ဂျာရိုဒေသဆိုင်ရာ တာဝန်ရှိသူ နာဒင် ဘာဘူက ပြောကြားသည်။ အဆိုပါ မီးလောင်မှုသည် ကီလီမန်ဂျာရိုတောင်၏ တောင်ဘက် အမြင့်ပေ ၄၀၀၀ မီတာခန့်တွင် အောက်တိုဘာ ၂၁ ရက် ညပိုင်းက လောင်ခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လျင်မြန်စွာ ပျံ့နှံ့လောင်ကျွမ်းလျက် ရှိကြောင်း ဘာဘူက ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက ယင်းတောင်ပေါ်၌ မီးလောင်မှု ဖြစ်ပွားသဖြင့် ဟင်းသီးဟင်းရွက် ၉၅ ဒသမ ၅ စတုရန်းကီလိုမီတာ၊ တဲအိမ် ၁၂ လုံး၊ ရေအိမ် နှစ်လုံးနှင့် တောင်တက်ခရီးသည်များ အသုံးပြုသည့် ဆိုလာကိရိယာများ ပျက်စီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၄၃၀၂ ဦး တွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၂၄** – တောင်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာ ၂၃ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၄၃၀၂ဦး ထပ်မံတွေ့ရှိရာ အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၂၅၃၁၁၆၃၆ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

ထပ်မံရောဂါကူးစက်ခံရသူများအနက် ပြည်ပပြန် ကူးစက်ခံရသူ ၅၆ ဦးရှိသဖြင့် ပြည်ပပြန်ကူးစက်ခံရသူ စုစုပေါင်း ၆၉၂၈၆ ဦး ရှိပြီဖြစ်သည်။

ရောဂါပြင်းထန်သော အခြေအနေတွင်ရှိသူ ၂၂၆ ဦးရှိပြီး ယမန်နေ့ကထက် ၁၄ ဦး တိုးလာကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၀ ဦးရှိရာ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၉၀၀၀ ရှိပြီဖြစ်သည်။ အဆိုပါ သေဆုံးမှုနှုန်းမှာ ၀ ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**



## စင်ကာပူ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၆၂၇ ဦး စစ်ဆေးတွေ့ရှိ

**စင်ကာပူ အောက်တိုဘာ ၂၄** – စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၆၂၇ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၀၆၇၇၉၀ အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၅၇ ဦးမှာ ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ကျန် ၃၂၇၀ မှာ အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိသည့် လူနာ ၃၅၇ ဦးအနက် ၃၄၂ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ပြီး ကျန် ၁၅ ဦးမှာ ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။ ထို့အပြင် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိသည့် လူနာ ၃၂၇၀ အနက် ၃၁၃၃ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၁၃၇ ဦးမှာ ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ လက်ရှိဆေးရုံတွင် ဆေးကုသမှုခံယူနေရသူ ၅၄၅ ဦးရှိပြီး ၁၀ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသည်ဟုဆိုသည်။ အောက်တိုဘာ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ တစ်ဦးရှိသည့်အတွက် အဆိုပါရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၁၆၆၃ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**



လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်တွင် တန်းစီနေသူများကို တွေ့ရစဉ်။

# အရှေ့တောင်အာရှရဲ့ ငွေကြေးဖောင်းပွမှုအမြင့်ဆုံး လာအိုနိုင်ငံ

**ထွန်းကျော်**

၂၀၂၂ ခုနှစ် အရှေ့တောင်အာရှရဲ့ ငွေကြေးဖောင်းပွမှုခန့်မှန်းချက်ဟာ ၃ ဒသမ ၇ ရာခိုင်နှုန်းမှ ၄ ဒသမ ၇ ရာခိုင်နှုန်းအထိ သိသိသာသာ မြင့်တက်လာခဲ့တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ နောက်ဆုံးသတင်းထုတ်ပြန်ချက်မှာ ဖော်ပြလိုက်ပါတယ်။

### ငွေကြေးဖောင်းပွမှုအမြင့်ဆုံးနိုင်ငံ

အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ လာအိုနိုင်ငံဟာ ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ ဇွန်လအထိ တစ်နှစ်ပြီးတစ်နှစ် ငွေကြေးဖောင်းပွမှုနှုန်းဟာ မှတ်တမ်းတင်ရလောက်တဲ့ပမာဏ ၂၃ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ ၂၀၂၂ ခုနှစ် အာရှဖွံ့ဖြိုးရေးသုံးသပ်ချက် နောက်ဆက်တွဲပါ အချက်အလက်များအရ သိရပါတယ်။

လာအိုနိုင်ငံအပြင် တခြားအာဆီယံနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတွေရဲ့ ဇွန်လအထိ တစ်နှစ်ပြီးတစ်နှစ် ငွေကြေးဖောင်းပွမှုနှုန်းဟာလည်း မြင့်တက်လာခဲ့ပါတယ်။ ထိုင်းနိုင်ငံဟာ ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံဟာ ၃ ဒသမ ၄ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံဟာ ၆ ဒသမ ၁ ရာခိုင်နှုန်းနဲ့ အင်ဒိုနီးရှားနိုင်ငံဟာ ၄ ဒသမ ၃ ရာခိုင်နှုန်း ငွေကြေးဖောင်းပွလာကြပါတယ်။

### အာဆီယံရဲ့ငွေကြေးဖောင်းပွမှုဟာ ဆက်လက်မြင့်နိုင်

ထို့အပြင် အာရှဖွံ့ဖြိုးရေးဘဏ်က နောက်နှစ်မှာလည်း အာဆီယံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ ၃ ဒသမ ၁ ရာခိုင်နှုန်းမှ ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာမယ်လို့ သုံးသပ်ထားပါတယ်။

နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာတဲ့ အဓိကအကြောင်းကတော့ စွမ်းအင်၊ အစားအသောက်ဈေးနှုန်းများနဲ့ ကုန်စည်စီးဆင်းမှု ကမောက်ကမ ဖြစ်ခြင်းကြောင့်ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်အတွက် အင်ဒိုနီးရှားနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ ၃ ဒသမ ၆ ရာခိုင်နှုန်းကနေ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

### ငွေကြေးဖောင်းပွမှု၊ စွမ်းအင်ဈေးနှုန်းနဲ့ လူနေမှုစရိတ်

ထို့အတူ တစ်ချိန်တည်းမှာပဲ ထိုင်းနိုင်ငံအတွက် ၂၀၂၂ ခုနှစ် ငွေကြေးဖောင်းပွမှုနှုန်းခန့်မှန်းချက်ကတော့ ၃ ဒသမ ၃ ရာခိုင်နှုန်းမှ ၆ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်လာနိုင်ပြီး ၂၀၂၃ ခုနှစ်မှာတော့ ၂ ဒသမ ၂ ရာခိုင်နှုန်းမှ ၂ ဒသမ ၇ ရာခိုင်နှုန်းအထိ ဆက်လက်မြင့်တက်လာနိုင်တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်က ကြိုတင်ခန့်မှန်းထားပါတယ်။

မြင့်တက်လာတဲ့ ငွေကြေးဖောင်းပွမှုခန့်မှန်းချက်ဟာ စွမ်းအင်ဈေးနှုန်းမြင့်တက်လာခြင်းနဲ့ လူနေမှုစရိတ်စက ကြီးမြင့်ခြင်းနဲ့ ဆက်စပ်နေပါတယ်။

### ငွေကြေးဖောင်းပွမှုကို အဓိကဖြစ်စေတဲ့အချက်များ

လာအိုနိုင်ငံမှာဆိုရင် စားသုံးသူဈေးနှုန်း အညွှန်းကိန်းဟာ အစိုးရရဲ့ မျှော်မှန်းထားတဲ့နှုန်းထက် အများကြီးမြင့်တက်နေပါတယ်။ ဓာတ်ငွေ့နဲ့ လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်း၊ သွင်းကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်း၊ လာအိုငွေ (ကစ်ပ်) တန်ဖိုးကျဆင်းလာခြင်း စတဲ့အချက်တွေဟာ ငွေကြေးဖောင်းပွမှုကို အဓိကဖြစ်စေတဲ့ အချက်များဖြစ်တယ်လို့ လာအိုစာရင်းအင်းဗျူရိုရဲ့ နောက်ဆုံးအစီရင်ခံစာအရ သိရပါတယ်။

### ထိန်းညှိဖို့သဘောတူ

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အစိုးရအစည်းအဝေးမှာ ဝန်ကြီးအဖွဲ့ဝင်တွေနဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေဟာ ငွေကြေးလဲလှယ်မှုနှုန်းကို တစ်သမတ်တည်းဖြစ်ဖို့နဲ့ တည်ငြိမ်ဖို့ သဘောတူခဲ့ကြပါတယ်။ ဒါ့အပြင် လုံလောက်သော လောင်စာဆီရရှိရေးနဲ့ ဈေးကွက်အတွင်း ရောင်းချနေတဲ့ ကုန်စည်များရဲ့ ဈေးနှုန်းများကို ထိန်းညှိဖို့ကိုလည်း သဘောတူခဲ့ကြပါတယ်။

### စိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရ

မည်သို့ပင်ဆိုစေ အရှေ့တောင်အာရှရဲ့ စီးပွားရေးကတော့ လောင်စာဆီဈေးနှုန်းကြီးမြင့်မှု၊ ကမ္ဘာ့အတိုးနှုန်းနိမ့်ကျမှု၊ ဆက်လက်ဖြစ်ပေါ်နေသော ကုန်သွယ်မှုနဲ့ ထောက်ပံ့ပို့ဆောင်ရေး အဟန့်အတားများကြောင့် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ နောက်ဆုံးထုတ်ပြန်လိုက်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

### စီးပွားရေးလုပ်ငန်းငယ်များဒဏ်ပိုခံရမယ်

ဒီအချက်များဟာ ၂၀၂၂ ခုနှစ်နဲ့ ၂၀၂၃ ခုနှစ်ရဲ့ တချို့သော စီးပွားရေးဆိုင်ရာ အလားအလာများကို ကျဆင်းစေပါတယ်။ ထို့အပြင် စီးပွားရေးလုပ်ငန်းငယ်တွေဟာ ကုန်စည်စီးဆင်းမှုအဟန့်အတားများနဲ့ လောင်စာဆီဈေးနှုန်း မြင့်မားမှုကြောင့် ဖြစ်ပေါ်လာတဲ့ ငွေကြေးဖောင်းပွမှုတွေရဲ့ ဒဏ်ကို အလူးအလဲခံရဦးမှာဖြစ်ပါတယ်။

လာအိုနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေရဲ့ နိုင်ငံခြားခရီးသွားဝင်ရောက်မှုကတော့ အမြင့်ဆုံးဖြစ်ပါတယ်။

### အရှိန်ယူရဦးမယ်

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှုန်းမြင့်မားမှုနဲ့အတူ ဒေသတွင်းစီးပွားရေးဟာ အလားအလာရှိတဲ့ ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ဖို့ ရုတ်တရက်ကြီး မဖြစ်နိုင်သေးသလို အရှိန်လည်း ယူရဦးမှာဖြစ်ပါတယ်။ ဒီအခြေအနေနဲ့ မတူဘဲ အရှေ့တောင်အာရှရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုခန့်မှန်းချက်ကို အာရှဖွံ့ဖြိုးရေးသုံးသပ်ချက် (အေဒီအို) ရဲ့ ၂၀၂၂ ခုနှစ်ခန့်မှန်းချက် ၄ ဒသမ ၉ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ အနည်းငယ်ပြန်လည်ပြင်ဆင်ထားပါတယ်။

အေဒီအိုရဲ့ ၂၀၂၃ ခုနှစ် ခန့်မှန်းချက်မှာတော ၅ ဒသမ ၂ ရာခိုင်နှုန်းအထိ ဆက်လက်ရှိနေဦးမှာဖြစ်ပါတယ်။

### ငွေကြေးဖောင်းပွမှုဖြစ်အောင် တွန်းအားပေး

သေးငယ်တဲ့စီးပွားရေးလုပ်ငန်းတွေမှာတော့ လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်း၊ ငွေလဲလှယ်မှုတန်ဖိုးကျဆင်းခြင်းက ငွေကြေးဖောင်းပွမှုတွေဖြစ်အောင် တွန်းအားပေးနေသလိုပါပဲ။ အထူးသဖြင့် လာအိုနိုင်ငံမှာဆိုရင်တော့ ဒီလိုအခြေအနေကို သတိထားရမှာဖြစ်ပါတယ်။ ငွေကြေးဖောင်းပွမှုဟာ အာရှအလယ်ပိုင်း၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ သီရိလင်္ကာနဲ့ လာအိုနိုင်ငံတို့မှာ ဂဏန်းနှစ်လုံးအဆင့်မှာ ဆက်လက်ရှိနေဦးမှာဖြစ်ပါတယ်။

**"လာအိုနိုင်ငံမှာဆိုရင် စားသုံးသူဈေးနှုန်းအညွှန်းကိန်းဟာ အစိုးရရဲ့ မျှော်မှန်းထားတဲ့နှုန်းထက် အများကြီးမြင့်တက်နေပါတယ်။ ဓာတ်ငွေ့နဲ့ လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်း၊ သွင်းကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်း၊ လာအိုငွေ (ကစ်ပ်) တန်ဖိုးကျဆင်းလာခြင်း စတဲ့အချက်တွေဟာ ငွေကြေးဖောင်းပွမှုကို အဓိကဖြစ်စေတဲ့အချက်များဖြစ်တယ်လို့ လာအိုစာရင်းအင်းဗျူရိုရဲ့ နောက်ဆုံးအစီရင်ခံစာအရ သိရပါတယ်"**

ကိုးကား - ဗီယန်ကျင်းတိုင်းမ်

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၉ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦး ရှိ

(၂၄–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၅၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၄၁,၀၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၀,၇၄၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၈၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၄,၅၀၀) ဦးရှိပြီဖြစ်ပါသည်။ ယနေ့ တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၇) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင် နှုန်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ၂၄-၁၀-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၀၈၇၅၄၈ | ၉၆၅၄၆၇၄၀ | ၁၀၉၂၉၄၈ |
| ၂။ | အိန္ဒိယ | ၄၄၆၄၄၀၇၆ | ၄၄၀၉၁၉၀၆ | ၅၂၈၉၇၇ |
| ၃။ | ပြင်သစ် | ၃၆၅၉၉၈၂၁ | ၃၅၃၂၇၆၁၃ | ၁၅၆၃၃၇ |
| ၄။ | ဂျာမနီ | ၃၅၁၇၂၆၉၃ | ၃၃၃၉၆၃၀၀ | ၁၅၂၄၈၂ |
| ၅။ | ဘရာဇီး | ၃၄၈၃၀၇၅၂ | ၃၃၉၉၈၉၄၂ | ၆၈၇၆၈၀ |
| ၆။ | တောင်ကိုရီးယား | ၂၅၃၁၁၆၃၆ | ၂၄၈၂၅၀၇ | ၂၉၀၀၀ |
| ၇။ | ဗြိတိန် | ၂၃၈၅၅၅၂၂ | ၂၃၄၆၈၂၈၂ | ၁၉၂၆၈၂ |
| ၈။ | အီတလီ | ၂၃၃၄၈၀၇၅ | ၂၂၆၄၉၆၈၄ | ၁၇၈၅၉၄ |
| ၉။ | ဂျပန် | ၂၂၀၀၈၁၂၉ | ၂၀၄၇၄၀၀၃ | ၄၆၃၀၉ |
| ၁၀။ | ရုရှား | ၂၁၃၈၀၂၆၄ | ၂၀၇၂၇၄၃၅ | ၃၈၉၆၂၆ |

## ၂၄-၁၀-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၄၉၇၅၃၃ | ၁၀၆၀၁၀၈၉ | ၄၃၁၆၁ |
| အင်ဒိုနီးရှား | ၆၄၇၂၆၆၄ | ၆၂၉၅၅၂၅ | ၁၅၈၄၅၄ |
| မလေးရှား | ၄၈၈၂၀၅၉ | ၄၈၁၈၂၃၇ | ၃၆၄၄၄ |
| ထိုင်း | ၄၆၈၉၈၉၇ | ၄၆၄၉၅၀၉ | ၃၂၉၂၂ |
| ဖိလစ်ပိုင် | ၃၉၉၅၉၆၇ | ၃၉၀၉၃၀၃ | ၆၃၈၁၄ |
| စင်ကာပူ | ၂၀၆၄၁၆၃ | ၁၉၇၁၉၄၇ | ၁၆၆၂ |
| မြန်မာ | ၆၃၀၇၄၂ | ၆၀၄၅၀၀ | ၁၉၄၇၇ |
| ဘရူနိုင်း | ၂၃၄၅၈၂ | ၂၂၂၁၄၀ | ၂၂၅ |
| လာအို | ၂၁၆၁၈၃ | ၂၀၈၃၄၄ | ၇၅၈ |
| ကမ္ဘောဒီးယား | ၁၃၇၉၇၉ | ၁၃၄၉၀၂ | ၃၀၅၆ |

## ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန် ကာကွယ်၊ တာဆီး၊ ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ ဖြန့်ဝေပေး

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ်၌ ကိုဗစ်–၁၉ မျိုးကွဲသစ် အိုမီခရွန်ကာကွယ်၊ တာဆီး၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက ပါးစပ်နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မော်တင်ယာယီဈေးရပ်ကွက်၊ မော်တင်ကမ်းနားဆိပ်၌ ခရီးသွားဒေသခံပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်းများတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ပြီး နှာခေါင်းစည်း ၃၀၀၀ ခန့်ကို အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်များကို ပက်ဖျန်းပေးခြင်းတို့ ဆောင်ရွက်သည်။

အဆိုပါ ပါးစပ်နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းကို လမ်းမတော်မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

**အောင်ဇော်ထွေး**

# သဘာဝတောတောင်စိမ့်စမ်းတို့ဖြင့် ခြယ်သထားသော "ပုပ္ပားတောင် ဥယျာဉ်"



မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတစ်လွှားဂေဟစနစ် ထိန်းသိမ်းကာကွယ်နိုင်ရေး၊ ကြက်မောက်တောင်ဆည် ရေဝေရေလဲဒေသဖြစ်သည့် ပုပ္ပားတောင်ရပ်ဝန်း ထိရောက်စွာ ကာကွယ်ထိန်းသိမ်းရေးအလို့ငှာ ရည်ရွယ်အကောင်အထည်ဖော်လျက်ရှိသော "ပုပ္ပားတောင်ဥယျာဉ်"နယ်မြေသည် ဧကပေါင်း ၃၁၇၆၃ ဧက ကျယ်ဝန်းသည်။

သိန်းညွန့် PZL

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့် အကွာ၌ သစ်တောဦးစီးဌာနက "ပုပ္ပားတောင်ဥယျာဉ်" ကို ၁၉၈၂ ခုနှစ် မေလအတွင်း စတင် တည်ထောင်ခဲ့ပါ၏။ ယင်းမှာ ကြက်မောက်တောင် ကြိုးဝိုင်းသစ်တောတစ်ခွင်လုံးကို လွှမ်းခြုံကာ "ပုပ္ပားတောင်ဥယျာဉ်" အဖြစ် ၁၉၈၉ ခုနှစ် ဩဂုတ် ၂၄ ရက်က သတ်မှတ်ကြေညာခဲ့အပြီး ၁၉၉၃ ခုနှစ် နိုဝင်ဘာ ၇ ရက်မှစတင် ကာ အများပြည်သူများ ဝင်ရောက်စေ့ငုလေ့လာနိုင်ရေးအတွက် ဥယျာဉ်ကိုစတင်ဖွင့်လှစ်ပေးခြင်းဖြစ်ပေသည်။

## သဘာဝအပင်များ ရေရှည် ရှင်သန်ရန် ရည်ရွယ်

ပုပ္ပားတောင် ဝန်းကျင်တစ်ခွင်ကို ခြုံငုံကြည့်လိုက်ပါက "ပုပ္ပားမျောက်မြီးရှည်" အပါအဝင် ကျေးငှက်သာရကာ၊

အထူးသဖြင့် စေတီပုထိုး၊ နတ်ကွန်း နတ်နန်းများဖြင့် ရိုးရာဓလေ့များ ထုံမွမ်းရာ ဒေသဖြစ်သည့်နှင့်အညီ ဒေသခံပြည်သူများ အကြား ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး အသိပညာများကို ဟန်ချက်ညီညီ ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက်ပါ စနစ်တကျ စီမံချက် ချမှတ်ဖော်ဆောင်လျက်ရှိပါ၏။ သဘာဝ စိမ့်စမ်းရေထွက်များ တည်ရှိရာဒေသ ဖြစ်ပေရာ ဒေသခံကျေးရွာပြည်သူများ ရာသီမရွေး သောက်သုံးရေအတွက် ရတက်မအေး မဖြစ်ကြရန်အတွက်လည်း ဤဥယျာဉ်က ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိ



ဝစမ်းရေထွက်

လိပ်ပြာ၊ သစ်ခွပင်အလှ၊ ပရဆေးပင်များ ပေါကြွယ်ဝ၍ သဘာဝအပင်များ ရေရှည်ရှင်သန်ပေါက်ပွားစေရန်လည်း ရည်ရွယ်မျှော်မှန်းထားပါသည်။

## သဘာဝ စိမ့်စမ်းရေထွက်များ တည်ရှိရာဒေသ

အထူးသဖြင့် စေတီပုထိုး၊ နတ်ကွန်း နတ်နန်းများဖြင့် ရိုးရာဓလေ့များ ထုံမွမ်းရာ ဒေသဖြစ်သည့်နှင့်အညီ ဒေသခံပြည်သူများအကြား ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး အသိပညာများကို ဟန်ချက်ညီညီ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက်ပါ စနစ်တကျ စီမံချက် ချမှတ်ဖော်ဆောင်လျက်ရှိပါ၏။ သဘာဝစိမ့်စမ်းရေထွက်များ တည်ရှိရာဒေသ ဖြစ်ပေရာ ဒေသခံကျေးရွာပြည်သူများ ရာသီမရွေး



လွန်အိုင်ရေထွက်

သောက်သုံးရေအတွက် ရတက်မအေး မဖြစ်ကြရန်အတွက်လည်း ဤဥယျာဉ်က ထောက်ပံ့ဖြည့်ဆည်းပေး လျက်ရှိပါသည်။

"ပုပ္ပားတောင်မကြီး" သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၄၉၈၀ ပေ မြင့်မားကာ တောတောင်လျှိုမြောင်များလည်း ပေါများလှပါ၏။ မီးတောင်ပေါက်ဖြစ်သော ပေ ၄၉၈၀ ပေရှိ "မှန်ပြတောင်" သည် အမြင့်ဆုံးဖြစ်ကာ ဒုတိယအမြင့်ဆုံး "စပါးပုံတောင်" မှာ ၄၈၀၁ ပေရှိပါ၏။ တတိယ အမြင့်ဆုံး "ဆေးမွှန်တောင်" သည်ကား ၄၅၀၁ ပေ ရှိပါသည်။

## ဥယျာဉ်၏ ဧရိယာ ၉၄ ဒသမ ၅၆ ရာခိုင်နှုန်းကို သစ်တောများ လွှမ်းခြုံ

ဂြိုဟ်တု ဓာတ်ပုံမှတ်တမ်းတင်ချက်အရ ဥယျာဉ်၏ ဧရိယာ ၉၄ ဒသမ ၅၆ ရာခိုင်နှုန်းကို သစ်တောများ လွှမ်းခြုံထားကြောင်း သိမှတ်ရပြီး ရွက်အုပ်ပိတ်တောနှင့် ရွက်အုပ်ပွင့်တော ဧကအများဆုံး ဖုံးလွှမ်းထားခြင်းဖြင့် "ပုပ္ပားတောင်ဥယျာဉ်" သည် သာမောဖွယ်ရာ စိမ်းလန်းစိုပြည်သော "အိုအေစစ်" ကလေးသဖွယ် တည်ရှိနေပါသည်။



## သစ်ခွမျိုးစိတ်ပေါင်း ၈၆ မျိုးကို လှပဝေဆာစွာ တွေ့မြင်ခံစားနိုင်

သဘာဝသစ်ပင်များအဖြစ် ကတွတ်၊ ကြက်တက်၊ ကြို့၊ ကြောင်ထောက်၊ ကြက်ရိုး၊ ကင်ပလင်း၊ ကညင်၊ ကရမက်၊ ကံ့ကော်၊ တမလန်း၊ ယမနေ၊ ရင်ခတ်၊ ရေသပြေ၊ ဘုံမဲဇာ၊ မဒမ၊ သဖန်း၊ ဥနဲ စသည့်သစ်ပင်မျိုး ၃၀၀ ခန့် ပေါက်နေသကဲ့သို့ ဆေးဘက်ဝင် အပင်မျိုးစိတ်များ ၃၆၀ ကျော်၊ သစ်ခွမျိုးစိတ်ပေါင်း ၈၆ မျိုးကိုလည်း ဥယျာဉ်တစ်နံတစ်လျား လှပဝေဆာစွာ တွေ့မြင်ခံစားနိုင်ကြပါ၏။

အထူးသဖြင့် "ပုပ္ပားတောင်ဥယျာဉ်" ဒေသတွင် ပုပ္ပားမျောက်မြီးရှည် အကောင် ၁၀၀ ခန့်ကို တွေ့ရှိမှတ်တမ်းတင်ထားနိုင်ပေရာ "မျောက်မြီးရှည်" မျိုးစိတ် အများဆုံး တွေ့ရှိရသော ဒေသလည်းဖြစ်ပါသည်။ ပုပ္ပားမျောက်မြီးရှည်သည် မြန်မာနိုင်ငံ၏ ဒေသရင်းမျိုးစိတ် (endemic) လည်းဖြစ်ပါ၏။

အခြားသိရှိပြီး မျိုးစိတ်များနှင့် အမွေးအရောင်၊ အမြီးအရှည်နှင့် အရိုးအဆစ် ပုံသဏ္ဌာန်အားဖြင့်လည်း ကွဲပြားခြားနားကြောင်း သိမှတ်ရပါ၏။

ပြည်ပသုတေသီများ၏ ကွင်းဆင်းသုတေသနပြုချက်အရ "ပုပ္ပားမျောက်မြီးရှည်" များသည် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ကြုံတွေ့ရဖွယ် နီးစပ်နေကြောင်း ဖော်ပြထားပါသည်။

## နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား ပြည်သူများကပါ တာဝန်သိသိ ပါဝင်

အချုပ်အားဖြင့် တောတောင်စိမ့်စမ်း သဘာဝရှုခင်း အဖုံဖုံနှင့် ဘူမိရုပ်သွင် ထူးခြားလှသော "ပုပ္ပားတောင်ဥယျာဉ်" ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက်လည်းကောင်း၊ သဘာဝအခြေခံ ခရီးသွား လုပ်ငန်းအတွက် ရေခံမြေခံကောင်းသော ဒေသတစ်ခုအဖြစ် လည်းကောင်း နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား ပြည်သူများကပါ တာဝန်သိသိ ပါဝင်ကြခြင်း "ပုပ္ပားတောင်ဥယျာဉ်" ၏ အလှတန်ဆောင်ကို ပို၍ တောက်ကြွား သစ်လွင် တောက်ပလာနိုင်မည် ဖြစ်ပါသတည်း။ ။



ချိုးလည်ပျောက်(Spoted Dove )



ပိန်ညှင်းရင်ဖြူ (White-throated Kingfisher )



ငှက်တော်မွဲ (Ashy Drongo)

# ရာသီဥတုပြောင်းလဲမှုနှင့် အလွန်အကျွံဖမ်းဆီးခြင်းတို့ကြောင့် ကမ္ဘာ့ငါးထုတ်လုပ်မှု အကျပ်အတည်းဖြစ်လာ

**ကမ္ဘာလုံးဆိုင်ရာ ငါးစားသုံးမှုလိုအပ်ချက်သည် အမြင့်ဆုံးသို့ရောက်ရှိနေပြီး ယခုအခါ သဘာဝအတွင်းမှ ငါးသယံဇာတ အလွန်အကျွံထုတ်ယူနေမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးဆက်များကြောင့် ကမ္ဘာလုံးဆိုင်ရာ ငါးထုတ်လုပ်မှုကဏ္ဍ အကျပ်အတည်းကို ရင်ဆိုင်နေရသည်။ ထို့ကြောင့် ပြောင်းလဲလာသည့် ငါးထုတ်လုပ်မှုပုံစံများအရ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ငါးမွေးမြူရေးသည် ငါးထုတ်လုပ်မှု၏ အဓိကအရင်းအမြစ် ဖြစ်လာနိုင်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ (FAO)က ခန့်မှန်းထားသည်။**

သီဟစည်သူ

FAO ၏ နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ရေထွက်ကုန်ပစ္စည်း တန်ချိန်ပေါင်း ၁၅၆ သန်းကို စားသုံးခဲ့ကြပြီး အဆိုပါ ရေထွက်ပစ္စည်းများအနက် ငါးတန်ချိန်ပေါင်း ၈၂ သန်း (၅၂ ရာခိုင်နှုန်း) ကို မွေးမြူရေးကဏ္ဍမှ ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။



ယနေ့အချိန်တွင် ငါးစားသုံးမှုသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကထက် နှစ်ဆမြင့်တက်လာခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် ငါးလိုအပ်ချက် ပိုမိုမြင့်တက်လာမည်ဖြစ်ပြီး တန်ချိန်ပေါင်း သန်း ၃၀ ခန့် တိုးမြင့်လာဖွယ်ရှိကြောင်း၊ အဆိုပါ ငါးလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် သဘာဝက ငါးဖမ်းဆီးမှုမှ ရရှိနိုင်ရန် မျှော်လင့်၍ မရတော့ဘဲ ကမ္ဘာ့ငါးသယံဇာတ အမြင့်မားဆုံးဒေသများ၌ပင် ငါးသယံဇာတများ လုံးဝကျဆင်းနေပြီဖြစ်ကာ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ငါးဖမ်းဆီးရေးလုပ်ငန်း အားလုံး ပြိုလဲသွားဖွယ်ရှိကြောင်း FAO က သုံးသပ်ထားသည်။

## ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍက ဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပါ့မလား

Aquaculture ဟု ခေါ်သည့် ငါးမွေးမြူခြင်းသည် ကမ္ဘာတစ်ဝန်းရှိ ငါးလက်ကျန်များ လျော့နည်းသွားမှုကြောင့် စီးပွားဖြစ် ငါးဖမ်းဆီးရေးလုပ်ငန်းများအတွက် အခြားရွေးချယ်စရာ ဖြစ်လာနိုင်သည်။ ငါးသည် အာဟာရပြည့်ဝသော အစားအစာကို ပံ့ပိုးပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး အိုမီဂါ-၃ ကဲ့သို့သော အဓိကအာဟာရဓာတ်များကို ဖြည့်ဆည်းပေးလျက်ရှိပြီး ငါး၊ ပုစွန်နှင့် ရေထွက်စားသောက်ကုန်များသည် ကမ္ဘာပေါ်တွင် ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည့် အစားအစာများဖြစ်၍ စားနပ်ရိက္ခာလုံခြုံမှုကို မြှင့်တင်ပေးခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အစားအသောက် အာဟာရဖြစ်မှုအတွက် အရေးပါလျက်ရှိသည်။

FAO ၏ တွက်ချက်မှုများအရ ငါးသည် ကမ္ဘာ့လူဦးရေ၏ ၃ ဒသမ ၃ ဘီလီယံ (ကမ္ဘာ့ လူဦးရေ စုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းနီးပါး) အတွက် အစားအစာ ထောက်ပံ့မှုကို ဆောင်ကြဉ်းပေးလျက်ရှိကြောင်း၊ တစ်ဦးချင်းတွက်ချက်မှုအရ တိရစ္ဆာန်ထွက် အသားဓာတ်များ၏ ၂၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးနေသည့်အပြင် လူတစ်ဦးချင်း ငါးစားသုံးမှုသည် ၁၉၆၁ ခုနှစ်တွင် ၉ ကီလိုဂရမ် သာရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၂၀ ဒသမ ၃ ကီလိုဂရမ်အထိ မြင့်တက်လာခဲ့ကြောင်း FAO ၏ အချက်အလက်များအရ သိရသည်။

## ငါးအလွန်အကျွံ ဖမ်းဆီးမှု

ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများ၏ အလွန်အကျွံငါးဖမ်းဆီးမှုများက ဒေသခံငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ၏ ဘဝနှင့် နေထိုင်မှုစနစ်များကို အကျပ်အတည်း ဖြစ်စေလျက်ရှိသည့်အပြင် ကမ္ဘာ့ငါးဖမ်းလုပ်ငန်းအများစုသည် အန္တရာယ်ရှိသည့် အခြေအနေသို့ ကျရောက်လျက်ရှိသည်။ သဘာဝအတွင်းရှိ ကမ္ဘာ့ငါးသယံဇာတအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ကုန်ဆုံးသွားပြီဟု ခန့်မှန်းရပြီး စီးပွားဖြစ် ငါးထုတ်လုပ်မှုကဏ္ဍ သုံးပုံတစ်ပုံခန့်မှာ ရေရှည်တည်တံ့မှု မရှိနိုင်တော့ပေ။ တစ်ချိန်တည်း၌ပင် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ပင်လယ်သမုဒ္ဒရာ ရေပြင်အပူချိန်မှာလည်း မြင့်တက်နေပြီး ငါးမျိုးစိတ်များစွာကို ပျက်စီးစေလျက်ရှိသည်။

**❒ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများ၏ အလွန်အကျွံငါးဖမ်းဆီးမှုများက ဒေသခံငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ၏ ဘဝနှင့် နေထိုင်မှုစနစ်များကို အကျပ်အတည်း ဖြစ်စေလျက်ရှိသည့်အပြင် ကမ္ဘာ့ငါးဖမ်းလုပ်ငန်းအများစုသည် အန္တရာယ်ရှိသည့် အခြေအနေသို့ ကျရောက်လျက်ရှိသည်။ သဘာဝအတွင်းရှိ ကမ္ဘာ့ငါးသယံဇာတ အားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ကုန်ဆုံးသွားပြီဟု ခန့်မှန်းရပြီး စီးပွားဖြစ် ငါးထုတ်လုပ်မှုကဏ္ဍ သုံးပုံတစ်ပုံခန့်မှာ ရေရှည်တည်တံ့မှု မရှိနိုင်တော့ပေ။ တစ်ချိန်တည်း၌ပင် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ပင်လယ်သမုဒ္ဒရာ ရေပြင်အပူချိန်မှာလည်း မြင့်တက်နေပြီး ငါးမျိုးစိတ်များစွာကို ပျက်စီးစေလျက်ရှိ**

ထို့ကြောင့် ရေငန် သို့မဟုတ် ကုန်းတွင်းပိုင်း (ရေချို) ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများသည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အလျင်မြန်ဆုံး ဖွံ့ဖြိုးလာကာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ငါးသယံဇာတ ထုတ်လုပ်မှု၏ အဓိကအရင်းအမြစ် ဖြစ်လာပြီး ၂၀၁၈ခုနှစ်တွင် ငါးထုတ်လုပ်မှု၏ ၅၂ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ ငါးပုစွန် ထုတ်လုပ်မှုသည် ၅၂၇ ရာခိုင်နှုန်းအထိ ခုန်တက်သွားပြီး စုစုပေါင်း ငါးစားသုံးမှုမှာလည်း ၁၂၂ ရာခိုင်နှုန်းအထိ တိုးလာခဲ့ကြောင်း FAO က မှတ်ချက်ပြုထားသည်။

## ငါးမွေးမြူရေးလုပ်ငန်း၏ အရေးပါမှု

ကမ္ဘာ့ငါး၊ ပုစွန် ထုတ်လုပ်မှုကို အာရှဒေသက လွှမ်းမိုးထားပြီး ကမ္ဘာတစ်ဝန်းက ငါး၊ ပုစွန် ထုတ်လုပ်မှု အားလုံး၏ ၈၂ ရာခိုင်နှုန်းကို ချုပ်ကိုင်ထားသည်။ အာရှအစားအစာများအနက် တိရစ္ဆာန်ထွက် အသားဓာတ် ရရှိမှု၏ ၂၃ ရာခိုင်နှုန်းကို ငါးစားသုံးမှုမှ ရရှိနေခြင်းဖြစ်ပြီး အနာဂတ်ကာလတွင် ယခုထက်ပင် ပိုမိုတိုးတက်လာနိုင်သေးသည်။ အဓိက ငါးထုတ်လုပ်သည့်နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ နှင့် ဗီယက်နမ်နိုင်ငံများဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ရေလုပ်ငန်းနှင့် ဆက်စပ်စက်ရုံလုပ်ငန်းများ၌ လူဦးရေ ၂၀ ဒသမ ၅ သန်းခန့် (အာရှဒေသ၏ ၈၅ ရာခိုင်နှုန်း) အတွက် အလုပ်အကိုင်များ ဖန်တီးပေးထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အာရှဒေသ၏ အကြီးမားဆုံး ငါးထုတ်လုပ်သူဖြစ်ပြီး တရုတ်နိုင်ငံ၏ (၁၄) ကြိမ်မြောက် ငါးနှစ်တာစီမံကိန်း (၂၀၂၁-၂၀၂၅)အရ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ငါးမွေးမြူရေးကန်များ တည်ထောင်၍ ငါး၊ ပုစွန်ထုတ်လုပ်နိုင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ထားသည်။

အလားတူ နော်ဝေနိုင်ငံ၌ ကမ်းလွန်ပင်လယ် ငါး၊ ပုစွန် မွေးမြူခြင်းမှတစ်ဆင့် ဆယ်လ်မွန်လုပ်ငန်း၏ ကုန်ထုတ်စွမ်းအား ၆၀ ရာခိုင်နှုန်း တိုးမြင့်လာသည်ကို တွေ့ရသည်။

## ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများအတွက် အနုတ်လက္ခဏာ

သဘာဝပတ်ဝန်းကျင်စံနှုန်းများ၊ အစားအစာဘေးကင်းရေးစံနှုန်းများနှင့် ဇီဝလုံခြုံရေးစံနှုန်းများနှင့်အတူ ရေနေသတ္တဝါများ၏ ဓလေ့ထုံးတမ်းများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအပေါ် စိုးရိမ်မှုများမှာလည်း တိုးလာလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ငါးပုစွန်မွေးမြူရာတွင် ပြင်ပမျိုးစိတ်များ ဝင်ရောက်လာမှုကြောင့် မူရင်းတည်ရှိသည့် ငါးမျိုးစိတ်များကို နေရင်းဒေသများ ရွှေ့ပြောင်းသွားခြင်းနှင့် အစာအလွန်အကျွံကျွေးမွေးခြင်းကြောင့် ပိုလျှံသည့် အစာများမှ နိုက်ထရိုဂျင်နှင့် ဖော့စဖောရပ်စသည့် အာဟာရဓာတ်များက သဘာဝဂေဟစနစ်များအတွင်းသို့ စီးဝင်သွားနိုင်ခြင်းစသည့် အချက်များကြောင့် နေရင်းဒေသ ပျက်စီးခြင်း (ဥပမာ ဒီရေတောများ ပျက်စီးခြင်း)၊ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းနှင့် ဆက်စပ်နေခြင်းကြောင့် ဖြစ်သည်။

ငါး၊ ပုစွန် ထုတ်လုပ်မှု အများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပြီး ငါး၊ ပုစွန် ထုတ်လုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို စီမံခန့်ခွဲနိုင်မှု အကန့်အသတ်ရှိသောကြောင့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကို ပြဋ္ဌာန်းရန် စိန်ခေါ်မှုများ ရှိလာသည်။ ငါး၊ ပုစွန် မွေးမြူခြင်းသည် ငါးစားသုံးမှုလိုအပ်ချက်ကြီးထွားမှုကို ဟန်ချက်ညီစေရန် ဆောင်ရွက်ပေးနိုင်သော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီစေရန်အတွက် နည်းပညာများကို အသုံးပြုနိုင်ရမည်ဖြစ်သည်။

ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း၏ ထိရောက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုသည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာကို ဖြည့်ဆည်းရန်နှင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ (SDGs) ၏ အောင်မြင်မှုကို ရရှိစေရန် အထောက်အကူ ဖြစ်စေနိုင်သည်။ သို့သော်လည်း ငါးသယံဇာတများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်ရေးသည် ဖြေရှင်းရန် မလွယ်ကူသည့် ပုစ္ဆာတစ်ခုပင်။ ။

**ကိုးကား – CO22062 | Growing Food Insecurity – Asia's Huge Appetite for Fish: Can It Be Met?**





# မျိုးသုဉ်းပျောက်ကွယ်လုနီးလာသော ရေကြက်များ

မြန်မာနိုင်ငံတွင် ဌာနေငှက်မျိုးဖြစ်သည့် ရေကူးကျွမ်းကျင်သော ရေကြက်ငှက်မျိုးများ အင်းအိုင်၊ ချောင်းမြောင်းရှိရာ နေရာဒေသများတွင် နေထိုင်ကျက်စားလေ့ရှိသော နိုင်ငံဖြစ်သည်။ အဆိုပါ ငှက်သည် ကိုယ်ခေါင်း အမြီးဟန်ချက်ညီလှုပ်ရှားပြီး ရေကူးသည့်အခါ ဦးခေါင်းကို ဆတ်ခနဲ တုံးခနဲ မကြာခဏလုပ်၍ အမြီးနှင့် ရေကူးလေ့ရှိသည်။ ခရီးနီးဝေးပျံသန်းပါကလည်း ခြေထောက်တန်းလန်းပြု၍ ပျံသန်းလေ့ရှိသည်မှာ အခြားငှက်များထက် ထူးခြားလှပေသည် ။

*ငွေအိုး (ကသာ)*







❖ မွေးမြူရေးနှင့်အိမ်ကြက်များမှာ ညအချိန် အိပ်တန်းဝင်ကြသော်လည်း ရေကြက်ငှက်မှာ ညအခါ ကြယ်ရောင်၊လရောင်ကို အမှီပြုကာ သစ်စေ့များ၊ သစ်ရွက်နုများ၊ အဖူးများ၊ ပိုးမွှားများ၊ နံ့ကောင်နှင့် ခြပိုးကောင်များ၊ ငါးများကို ထိုးဆိတ်ရှာဖွေစားကြပြီး ကျူပင် မြက်ပင် ရေစပ်အနီးနေထိုင်ကာ အသိုက်ဖွဲ့လျက်ရှိသည်။

**မျိုးသုဉ်းပျောက်ကွယ်မှု မဖြစ်ပေါ်အောင် ကာကွယ်စောင့်ရှောက်သင့်**

❖ ယခုအခါ ဇီဝမျိုးကွဲနှင့် ဂေဟစနစ်ကို ထိခိုက်ပျက်စီးသွားစေနိုင်သည့် သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာ ထိခိုက်ပျက်စီးစေနိုင်သော မျိုးသုဉ်းကွယ်ပျောက်မှုနှင့် တောပြောင်းနေထိုင်သည့်နှုန်းများပြားလာမှုကြောင့် အနာဂတ်အတွက် ကြုံတွေ့လာနိုင်သော အန္တရာယ်များကို ထိန်းသိမ်းကာကွယ်မှု ပိုမိုဖန်တီးရန်လိုအပ်ခြင်း၊ တိကျတင်းကျပ်သောထိန်းချုပ်မှုစနစ်ဖြင့် အကောင်အထည်ဖော်ခြင်း၊ နည်းဗျူဟာများ ချမှတ်ခြင်းနှင့် စားဝတ်နေရေးအခြေပြု၍ မျိုးပွားမှုနှုန်းကို ထိခိုက်စေသော သတ်ဖြတ်ဖမ်းဆီးနေမှုကို အသေအချာစိစစ်ခြင်း စသည်ဖြင့် အရေးတကြီးဆောင်ရွက်ရန် လိုအပ်လျက် ရှိသည်။ မျိုးသုဉ်းပျောက်ကွယ်မှု မဖြစ်ပေါ်အောင် ကာကွယ်စောင့်ရှောက်သင့်ပါသည်။

**ရေကြက်ငှက်သည် အနီရောင်နှုတ်သီးရှိပြီး ထိပ်ဖျားအဝါရောင်ရှိသော သင်ပုန်းကျောက် မီးခိုးရောင်ငှက်မျိုးဖြစ်သည်။ ကိုယ်အလျား ၁၄ လက်မခန့်ရှိ၍ တောစပ်များတွင် တွေ့ရသည်။ တစ်ခါတစ်ရံ သစ်ပင်ပေါ်တွင် နားနေတတ်သည်။ မျက်နှာနှင့် အောက်ပိုင်း အဖြူရောင်ရှိသော အနက်ရောင်သမ်းသည့် ငှက်မျိုးဖြစ်သည်။ ရွံ့နွံတောလယ်ကွင်းစပ်နှင့် ချောင်းများတွင် ကျက်စားတတ်ပြီး မေလနှင့် ဇူလိုင်လအတွင်း သားပေါက်တတ်သည်။**




**မိုးတွင်းရာသီ၌ သားပေါက်သော ဌာနေငှက်တစ်မျိုးဖြစ်**

❖ ရေကြက်ငှက်သည် အနီရောင်နှုတ်သီးရှိပြီး ထိပ်ဖျားအဝါရောင်ရှိသော သင်ပုန်းကျောက် မီးခိုးရောင်ငှက်မျိုးဖြစ်သည်။ ကိုယ်အလျား ၁၄ လက်မခန့်ရှိ၍ တောစပ်များတွင် တွေ့ရသည်။ တစ်ခါတစ်ရံ သစ်ပင်ပေါ်တွင် နားနေတတ်သည်။ မျက်နှာနှင့် အောက်ပိုင်း အဖြူရောင်ရှိသော အနက်ရောင်သမ်းသည့် ငှက်မျိုးဖြစ်သည်။ ရွံ့နွံတောလယ်ကွင်းစပ်နှင့် ချောင်းများတွင် ကျက်စားတတ်ပြီး မေလနှင့် ဇူလိုင်လအတွင်း သားပေါက်တတ်သည်။ ကြောက်ရွံ့သည့်အခါ အမြီးကို ဆတ်ခနဲ ဆတ်ခနဲ လှုပ်တတ်ကြသည်။ လည်တိုင်နှင့်ခြေထောက်ကို ဆန့်တန်းလျက် ရေပေါ်ပျံသန်းကာ ဦးခေါင်းကို နိမ့်ချည် မြင့်ချည်ပြု လှုပ်၍ ရေကူးလေ့ရှိသည်။ အန္တရာယ်ကြုံလာပါက ရေငုပ်ကာ ပရောက်ဟု စူးစူးရှရှ ကျယ်လောင်စွာ အော်တတ်သည်။ မိုးတွင်းရာသီ၌ သားပေါက်သော ဌာနေငှက်တစ်မျိုးဖြစ်ကြောင်း မြန်မာနိုင်ငံငှက်များအကြောင်းတွင် ရေးသားဖော်ပြထားပါသည်။

❖ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ပြည်ထောင်စုမြန်မာနိုင်ငံတော် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၅ (က)အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့် အာဏာကိုသုံးစွဲ၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊ နို့တိုက်သတ္တဝါများ၊ ငှက်များ၊ တွားသွားသတ္တဝါများ၊ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊ ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်း တိရစ္ဆာန်များဥပဒေ ပြဋ္ဌာန်းထားရှိသည်။

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊

( ၂ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ၃ ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊

( ၄ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

( ၅ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

( ၆ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၇ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ၈ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၉ ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၁၀) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁၀-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ခေမာရုံသုတ်၊အဋ္ဌနာဋိယကင်း ပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | "ဒီမိုကရေစီဆိုသည်မှာ" |
| ၀၉:၄၅ | "Sports Diary" |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | နေရောင်ခြည်ရဲ့လျှပ်စစ်စွမ်းအင် |
| ၁၂:၃၀ | မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး" (အပိုင်း-၅) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၂၁) |
| ၁၄:၃၅ | မျိုးဝက်တင်နှင့်စေဆိုကရေးတီးအမွေ |
| ၁၆:၃၅ | "ဝက်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ" (ဝေလင်းအောင်၊အောင်သူဝင်း) |
| ၁၇:၂၀ | ဒေသတစ်ခုထုတ်ကုန်တစ်မျိုး |
| ၁၇:၄၀ | "ကလေးငယ်များကျန်းမာရေး ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းပေး" |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၂၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၄၀ | ရုပ်မြင်သံကြားဇာတ်လမ်း "ဘဝတာဝါနောဘဝိဿတိ" |

**mitv**

| | |
|---|---|
| 07:02 | Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei) |
| 07:09 | Elegant and Exquisite Myanmar Cotton Fabrics |
| 07:21 | Will you feed the pigeons? |
| 07:27 | Mommy Cook: The Foster Mother |
| 07:45 | MONASTERY (Bargayar Kyaung) |
| 08:01 | News |
| 08:27 | Asia Updates: Asia Updates: The Travelling Cinema (P-2) |
| 08:43 | South Okkalapa Pagoda |
| 09:02 | Clam Farming |
| 09:20 | Listening Pleasure, Instrumental Music (Banjo) Kyama Doe Y warkalay |
| 09:27 | Secret Recipes by Gourmet Chefs (Thai) |
| 10:01 | News |

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ခံတွင်းမြိန်စေမယ့် ဒေါ်လေးရဲ့လက်ရာ

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
လာရောက်အပန်းဖြေပါနော် အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လက်ဝဲသလုံးတော် ဓာတ်စေတီအကြောင်း

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
မောက်မယ်မြို့လေးတစ်နေရာကပန်းတမော့လက်မှုပညာ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကဏန်းချဉ်စပ်ပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
အစားသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိပ်ကလေး

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဝင်ငွေကောင်းတဲ့ဟာလာလုပ်ငန်း

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၈:၄၅ | "Economic Review" (Part-4) |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၄၅ | ကလေးငယ်များကျန်းမာရေး ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းပေး |
| ၁၄:၀၀ | MRTV Navtional News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို (ကွက်လပ်ဖြည့်ပါ) |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၇ |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ (အပိုင်း-၁) |
| ၁၁:၃၀ | "အတွေးအမြင်" အပိုင်း-၇ |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | စိုက်ပျိုးရေးကိုအခြေတည်တန်ဖိုးရှိတဲ့ မြန်မာ့ထုတ်ကုန်ဆီ |
| ၀၆:၅၀ | အပန်းဖြေခရီးတစ်ခေါက် လိမ္မော်ခြံသို့အရောက် |
| ၀၇:၀၀ | တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာယူရီးယားမြေသြဇာ |
| ၀၇:၅၀ | "တောင်သူ့ဘဝ သုတကဏ္ဍ" |
| ၀၈:၂၅ | တောင်သူအကျိုးကိုရည်မှန်းကာ ပျော်ဘွယ်မြို့နယ်မှအထူးဇုန်စံပြစိုက်ကွက်ဝါ |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

SCAN ME

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဇေယျာသီရိမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ဇေယျာသီရိ အောက်တိုဘာ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် ရတနာစံကျောင်းတိုက် ရတနာဘိမတိ ဗိမာန်တော်၌ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီက ကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိစိတ္တသာရ၊ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ စည်ပင်ရွာဦးကျောင်းတိုက် ပဓာနနာယက၊ ဘဒ္ဒန္တဣန္ဒာစက္ကနှင့် ပင့်သံဃာတော်များ၊ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဦးမြင့်စိုးနှင့် ဦးကျော်သိန်းဆိုင်၊ ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးနှင့်အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဇေယျာမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။ အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် စည်ပင်ရွာဦးကျောင်းတိုက် ပဓာန နာယက၊ ဘဒ္ဒန္တဣန္ဒာစက္က မထေရ်မြတ်ထံမှ ညှော့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော် သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုးနှင့် ပရိတ်ရေများ ဆက်ကပ်ခဲ့ကြောင်း၊ ယင်းနောက် ဆရာတော် သံဃာတော်များ ဦးဆောင်၍ ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သုံးကြိမ် ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် အလှည့်ကျပဋ္ဌာန ဘာဏက သံဃာတော်မှစ၍ မဟာသမယသုတ်နှင့် ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်ခဲ့သည်။

အဆိုပါ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၂၄ မှ အောက်တိုဘာ ၂၈ ရက်အထိ ရွတ်ဖတ် ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း**
**(ဇေယျာမြေ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၁၀ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၁၉၅၂၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၁၉၅၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၈၀ ကျပ် | ၂၆၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၆၅ ကျပ် | ၂၇၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၈၅ ကျပ် | ၂၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၇ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၆၉ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၇၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၁ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၃ . ၂၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၉ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၄၀၀ | ၂၀၀ | ၁၈၈၅၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၁ | ၈၅၈၀၀ |
| FPB | ၂၁၀၀၀ | ၂၀၀၀၀ | ၂၀ | ၄၀၂၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၈၀ | ၂၁၆၀၀၀ |
| AHP | ၅၁၀၀ | ၅၁၀၀ | ၅၃ | ၂၇၀၃၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ထားဝယ်မြို့၌ တန်ဆောင်တိုင်နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားရုပ်ပွားတော်များ ဘုရားကြီးဓမ္မာရုံတွင် အပူဇော်ခံထားရှိမည်

ထားဝယ် အောက်တိုဘာ ၂၄

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ ကျက်သရေဆောင်နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားရုပ်ပွားတော်များကို (တန်ဆောင်မုန်းလဆန်း ၁၃ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ သုံးရက်တိုင်တိုင် ဘုရားကြီးဓမ္မာရုံ၌ အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရသည်။**

နှစ်ကျိပ်ရှစ်ဆူ ဘုရားများကို တန်ဆောင်မုန်းလဆန်း ၁ ရက်မှစ၍ မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဘုရားတစ်ဆူစီကို ကြိုတင်ပင့်ဆောင်ခဲ့ကြပြီး သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာများ၏ အဓိကကျသည့်နေရာများတွင် ကိန်းဝပ်စံပယ်တော်မူရန် ယာယီမဏ္ဍပ်များ ဆောက်လုပ်ကာ ပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရကာ ဘုရားကြီးထဲသို့ နိုဝင်ဘာ ၄ ရက် ညနေ ၄ နာရီ အရောက် ပို့ဆောင်ပေးရမည်ဖြစ်သည်။

ထိုသို့ ဘုရားအပူဇော်ခံသည့်နေ့ရက်များတွင် မွန်းလွဲ ၂ နာရီ၌ ဘုရားကြီးဝင်းအတွင်းရှိ အောင်ဓာတ်တိုင် ဘုရားဓမ္မာရုံတွင် ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ပြီး ရဟန်း၊ ရှင်၊ လူများ ကြည်ညိုသဒ္ဓါပွားများ ကုသိုလ်ယူနိုင်ကြောင်း သိရသည်။

ထားဝယ်မြို့၏ ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားရုပ်ပွားတော်များ ဒေသစာရီ လှည့်လည်ပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း ၁၁၁ နှစ်တိုင် ရှိခဲ့သော်လည်း ယခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် နှစ်ကျိပ်ရှစ်ဆူဘုရားများအား မြို့တွင်းသို့ လှည့်လည်ပူဇော်ခြင်း မပြုလုပ်ဘဲ ရပ်ကွက်/ ကျေးရွာ ဓမ္မာရုံများ၌သာအပူဇော်ခံပြီး သတ်မှတ်ရက်တွင်ဘုရားကြီးဓမ္မာရုံသို့ ပင့်ဆောင်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**






# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၄

**ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မြစကြာ ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ခေမာသိဒ္ဓိမင်းကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ညောင်ရိပ်သာ ကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မြသန္တာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကရင်ပရိယတ္တိ စာသင်တိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အရိယဝံသ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ရွှေလှေကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မှန်ကင်းပဋ္ဌာနတာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အောင်မင်္ဂလာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဖရဲငွေတောင် ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# သတ္တမအကြိမ်မြောက် အင်းသားအမျိုးသားနေ့အထိမ်းအမှတ် အစိုးရပါဠိပထမပြန် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်

**ညောင်ရွှေ အောက်တိုဘာ ၂၄**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်သည့် သတ္တမအကြိမ်မြောက် အင်းသားအမျိုးသားနေ့အထိမ်းအမှတ် အစိုးရပါဠိပထမပြန်စာမေးပွဲ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲအောင် သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား ဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ မိုင်းသောက်ပထမ စာသင်တိုက် အောင်ရတနာဓမ္မာရုံ၌ ကျင်းပသည်။**(အောက်ပုံ)**

ရှေးဦးစွာ မိုင်းသောက်ပထမစာသင်တိုက်နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သုမင်္ဂလာ ဘိဝံသထံမှ တက်ရောက်လာသူများက သရဏဂုံနှင့် ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားတော်မူအပ်သော ပရိတ်တရားတော်ကို နာယူကြသည်။

ဆက်လက်ပြီး အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးတက်ထွန်းက အင်းသားအမျိုးသားနေ့ ဖြစ်ပေါ်သတ်မှတ်ခြင်း အကျဉ်းနှင့် ဂုဏ်ပြုပူဇော်ပွဲပြုလုပ်ရခြင်းကို တင်ပြလျှောက်ထားသည်။

ထို့နောက် အစိုးရပါဠိပထမပြန်စာမေးပွဲ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲအောင် သံဃာတော် ၁၅ ပါးနှင့် သီလရှင်ဆရာလေးသုံးပါးအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။ **စိုင်းအယ်ဘဲ**



# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဘုန်းတော်ကြီးကျောင်းများတွင် သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ စသည်တို့ကို ဆက်ကပ်လှူဒါန်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းရာ၌ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (မုံရွာ) မှ ညွှန်ကြားရေးမှူး ဦးစိုးဦးနှင့် ဝန်ထမ်းများသည် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်



ပဋ္ဌာနတာရုံ ကျောင်းတိုက်ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား နှင့် ပဲများကို သွားရောက်ဆက်ကပ် လှူဒါန်းကြောင်း သိရသည်။**(အပေါ်ပုံ)**

**သတင်းစဉ်**

## ရေချွေတာရေး နည်းလမ်းများ

- ❈ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❈ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❈ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❈ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❈ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# အရည်အသွေးပြည့်မီသည့် ကုန်ချောများထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်

**ပုသိမ် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး စီးပွားဖွံ့ဖြိုးမှု မြှင့်တင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်က ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တတ်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ စီးပွားဖွံ့ဖြိုးမှုမြှင့်တင်ရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များအားလုံး ဖိတ်ကြားထားကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)မှ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသထွက်ကုန်ကြမ်းများကို အသုံးပြု၍ အရည်အသွေးပြည့်မီသည့် ကုန်ချောများထုတ်လုပ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ရည်မှန်းချက်သည် အထွက်နှုန်းရရှိစေရေး မိရိုးဖလာ စိုက်ပျိုးမှုများအပြင် သိပ္ပံနည်းကျ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ အသုံးပြု၍ အရည်အသွေးပြည့်ဆန်များ ထုတ်လုပ်နိုင်ပြီး ပြည်တွင်း ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်နိုင်မှုတွင်လည်း တိုင်းဒေသကြီးအနေဖြင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ၊ မြစ်ချောင်းအင်းအိုင်များ၊ မွေးမြူရေးကန်များဖြင့် စနစ်တကျ မွေးမြူခြင်း၊ နို့စားနွား၊ အသားတိုးနွားများ စနစ်တကျမွေးမြူခြင်း၊ အသားတိုးဝက် စနစ်တကျ မွေးမြူခြင်း၊ ဥစားကြက်၊ အသားစားကြက်များ စနစ်တကျမွေးမြူခြင်း စသည့်လုပ်ငန်းများဖြင့် ပြည်ပပို့ကုန်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထင်းအစားထိုးလောင်စာ၊ စပါးခွံသုံးလောင်စာထုတ်လုပ်ခြင်း လုပ်ငန်းများ၊ လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မြင့် စက်ရုံ၊ အလုပ်ရုံများ စနစ်တကျလည်ပတ် ဆောင်ရွက်နိုင်စေရေး ခရိုင်အလိုက် စက်မှုဇုန်များ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ဆီဖူလုံမှု ရှိစေရေးအတွက် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း စိုက်ပျိုးခြင်းများအပြင် နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖွဲနုဆီထုတ်လုပ်နိုင်ရေးအတွက် ဖွဲနုဆီစက်များ လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ One Region One Product ထုတ်လုပ်နိုင်ရေး အရည်အသွေးမြင့် ကုန်ထုတ်လုပ်ငန်းများ ဖော်ထုတ်နိုင်ရေး ဆောင်ရွက်ကြရန် လိုကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး စီးပွားဖွံ့ဖြိုးမှုမြှင့်တင်ရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးက အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပေါ်လာပုံကို ဆွေးနွေးပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဌာနဆိုင်ရာများနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက တိုင်းဒေသကြီး စီးပွားဖွံ့ဖြိုးမှုမြှင့်တင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အိမ်မဲမြို့မဈေးကြီးရှေ့၌ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**အိမ်မဲ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မြို့မဈေးကြီး၌ အောက်တိုဘာ ၂၃ ရက်က ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံစိုးက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားခဲ့ပြီး ဆီမီးငြိမ်းသတ်နည်းကို သရုပ်ပြခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်သည့် ရေယာဉ်နှစ်စီးဖြင့် ရေထွက် သရုပ်ပြသခဲ့သည်။ ဆက်လက်ပြီး အိမ်မဲမြို့မဈေးကြီးမှ ရေစုပ်စက်ရေတင်နိုင်မှုနှင့် ကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

“အိမ်မဲမြို့နယ် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ မီးငြိမ်းသတ်နည်းကို သရုပ်ပြဆောင်ရွက်တာဖြစ်ပါတယ်။ အခုဆိုရင် မြို့မဈေးကြီးအတွင်း ဈေးဆိုင်တွေမှာလည်း မီးသတ်ဆေးဘူးတွေ ထားရှိပြီး ဆောင်ရွက်နိုင်ဖို့ သင်ကြားပြသထားပါတယ်” ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်က ပြောသည်။

ချစ်သက်လယ်

(အိမ်မဲ)

# မိုင်းကိုင်မြို့နယ် ဝမ်ကန်ကျေးရွာ၌ စိမ့်စမ်းရေသွယ်လုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီး

**မိုင်းကိုင် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ဝမ်ကန်ကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရေစုကန် တည်ဆောက်ခြင်း၊ ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝမ်ကန်ကျေးရွာတွင် သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် အရှည် နှစ်မိုင်ရှိသော စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တစ်ခု တည်ဆောက်ခြင်း၊ ရေတားတမံတစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် စုစုပေါင်း ၄၃ ဒသမ ၇၃၄ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက ယခုနှစ် ဇွန်လအတွင်းကစတင်၍ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ၈၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ငြိမ်းသူ


## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူ နှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်း သတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရုံးပိတ်ရက်များအတွင်း ဘုရားဖူးလာရောက်သူများပြား

ညောင်ဦး အောက်တိုဘာ ၂၄

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရုံးသုံးရက်ဆက်ပိတ်ခြင်းနှင့်အတူ မြန်မာပြည်အရပ်ရပ်မှဘုရားဖူးလာရောက်လျက်ရှိရာ ဘုရားလာရောက်သူ များပြားလျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)တာဝန်ရှိသူများထံက သိရသည်။**

ပုဂံ – ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလေ့လာရေးလာရောက်သူများသည် သမိုင်းအထင်ကရဘုရားများကိုဝင်ရောက်ဖူးမြော်ကြရာမှ ယခုအခါ ပုဂံ–ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများကိုလည်း လေ့လာစိတ်ဝင်စားမှု မြင့်တက်လာကြောင်း၊ ပုဂံဘုရားသမိုင်းစာအုပ်များ ဖတ်ရှုပြီး သွားရောက်ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်လျှင် ဂေါပကအဖွဲ့ရှိသည့် ဘုရားများဖြစ်သည့် ရွှေစည်းခုံဘုရား၊ အလိုတော်ပြည့်၊ ထီးလိုမင်းလို၊ အာနန္ဒာဘုရား၊ ဗူးဘုရား၊ မဟာဗောဓိဘုရား၊ မဟာငှက်ပစ်တောင်ဘုရား၊ သဗ္ဗညုဘုရား၊ ရွှေဆံတော်ဘုရား၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ပြဿကြီးဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ မြစေတီ၊ မနူဟာဘုရား၊ ကျောက်ဂူဥမင်ဘုရား၊ ဓမ္မရာဇကဘုရား၊ ကန်တော့ပလ္လင်ဘုရား စသည့်ဂေါပကအဖွဲ့ရှိသည့် ဘုရား ၁၉ ဆူသာ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ အများဆုံးလာရောက်လေ့လာဖူးမြော်ကြသည်။

ယခုအခါ ခေမင်္ဂဘုရားဝင်း၊ ရင်မနားဘုရားဝင်း၊ ဝတ္တနထေဘုရားစု၊ ဆူးလေကုန်းဘုရားစု၊ သိကြားပုန်း၊ သိကြားဟစ်ဘုရားဝင်း၊ ရွှေလိပ်တူး၊ အင်းကြင်းဂူဘုရား၊ကျောက်မျက်မော်ဘုရား၊ စိမ်းညှက်ညီအမဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ လောကထိပ်ပန်၊ လောကအုတ်သျှောင်၊ ကက္ကုနားရွှေဘုရား၊ ပုထိုးသားများဘုရား၊ နတ်လှောင်းကျောင်း၊ နန်းဦးဘုရား၊ နန်းဘုရားနှင့် ရွှေကွန်ခြာအစရှိသည့် ဘုရားများရှိ နံရံဆေးရေးပန်းချီများ၊ ဘုရားရှုခင်းများ၊ ဘုရားစုများ တည်ဆောက်ပုံတို့ကို မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ စိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ ဂေါပကထားရှိသည့် ဘုရား ၁၉ ဆူကိုလည်း လာရောက်ဖူးမြော်ကြသူများကို ကိုဗစ်–၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ဖူးမြော်စေကာ ပုဂံ



ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားဖူးများ တစ်ရက်တစ်သောင်းခန့် လာရောက်လေ့လာဖူးမြော်လျက်ရှိပြီး စားသောက်ဆိုင်များ၊ မြင်းလှည်းအငှားလိုက်သူများ၊ E-Bike ၊မီနီအိုးဝေ၊ ဒေသခံအငှားကားများ၊ လက်အလှ ပန်းချီဆွဲသူများ၊ ညောင်ဦး–ကျောက်ပန်းတောင်း ကားလမ်းဘေးတစ်လျှောက် ဘယ်/ညာတွင် ထန်းတောင်သူများရောင်းချသည့် ထန်းလျက်အမျိုးမျိုး၊ ဆုံဆီစစ်စစ် မြေပဲဆီ၊ နှမ်းဆီများ၊ တောပျားရည်များ၊ ဆေးဖော်ရန်ချက်လုပ်ထားသည့် ထန်းလျက်အရက်ဦးရည်နှင့် ထန်းခေါက်ဖာ၊ ထန်းကျောဖျာများ ဝယ်ယူသူများခြင်းကြောင့် ရုံးသုံးရက်ပိတ်ရက်များတွင် ဒေသခံများ မိသားစုဝင်ငွေတွက်ခြေကိုက်နေကြောင်း ပိုင်ထန်းတဲပိုင်ရှင် ဦးစံမောင်ကပြောကြားကြောင်း သိရသည်။

ဝင်းထိန်

(ပြန်/ဆက်)

# မိတ္ထီလာမြို့နယ် ရေချိုကျေးရွာ၌ ထင်းအစားထိုး စွမ်းအားမြင့်မီးဖိုများ အခမဲ့ပေးအပ်

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မိတ္ထီလာမြို့နယ် ရေချိုကျေးရွာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထင်းအစားထိုး အခြားလောင်စာတိုးမြှင့် အသုံးချရေး အသိပညာပေး ဟောပြောခြင်းနှင့် စွမ်းအားမြင့်မီးဖိုများ အခမဲ့ပေးအပ်ခြင်းကို အောက်တိုဘာ ၂၃ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

ထင်းအစားထိုး အခြားလောင်စာတိုးမြှင့် အသုံးချရေး အသိပညာပေးရာတွင် မန္တလေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသော်နိုင်ဦးက မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့မိုးနည်းရပ်ဝန်းဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူ ဖြစ်စေရေးတို့အတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းများကို ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သစ်တောသစ်ပင်များ၏ တန်ဖိုးနှင့် အနှစ်သာရကို ဒေသခံပြည်သူများ သိရှိနားလည်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေပြီး ထင်းအစား စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချသွားစေရန်အတွက် ယခုလိုလာရောက်၍ အသိပညာပေးဟောပြောခြင်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရေချိုကျေးရွာရှိ အိမ်ထောင်စု ၅၀ ကို စွမ်းအားမြင့်မီးဖို အလုံး ၅၀ အား အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါအသိပညာပေးဟောပြောခြင်းနှင့် စွမ်းအားမြင့်မီးဖိုများ အခမဲ့ပေးအပ်ခြင်းကို မန္တလေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ မိတ္ထီလာခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်အုန်း၊ မြို့နယ်ဦးစီးမှူး ဦးဝေယံဖြိုးနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သာယာဝတီမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံ သင်တန်းဖွင့်

**သာယာဝတီ အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အမှတ် (၁၄) စက်မှုလယ်ယာစခန်း၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းအမှတ်စဉ် (၁ /၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ သာယာဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဝင်းသန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးသိပ္ပံ သာယာဝတီမြို့မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သာယာဝတီခရိုင်အတွင်းရှိ စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးများနှင့် စိုက်ပျိုးရေးသိပ္ပံနောက်ဆုံးနှစ်မှ သင်တန်းသား ၄၀ တို့ တက်ရောက်ခဲ့ပြီး စိုက်ပျိုးရေးသိပ္ပံနောက်ဆုံးနှစ်မှ ကျောင်းသားများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းအဖြစ် ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်ဘာသာရပ်များကို အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇော်**

**(ပြန်/ဆက်)**



# တာချီလိတ်မြို့ ကြက်ခြေနီအသင်း ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသူများအား တစ်ကိုယ်ရေသုံးပစ္စည်းများ လှူဒါန်း

**တာချီလိတ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်လုံး Quarantine Centre ရှိ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား အောက်တိုဘာ ၂၂ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်း (တာချီလိတ်မြို့) မှ တစ်ကိုယ်ရေသုံးပစ္စည်းများ လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းပေးခြင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း (တာချီလိတ်မြို့) ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဘမိုးမြင့်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးညဏ်မြင့်ဦး တို့ဦးဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝမ်လုံး Quarantine Centre သို့ အောက်တိုဘာ ၂၁ ရက်တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၅၆ ဦးတို့အား တစ်ကိုယ်ရေသုံးပစ္စည်းများကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူးက မိသားစုဖြင့် အဆက်အသွယ်ပြတ်နေသူများအား ကြက်ခြေနီတပ်ဖွဲ့က အဆက်အသွယ်ရရှိအောင် ကူညီဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးက ကြက်ခြေနီအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

မလိုအပ်သော မီးများကို
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မိုင်းယောင်းမြို့နယ်အတွင်းမှ တိုင်းရင်းသားကျေးရွာများ၌ ရိုးရာကောက်သစ်စားပွဲများ ပျော်ရွှင်စွာဆင်နွှဲလျက်ရှိ



**မိုင်းယောင်း အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်အတွင်း၌ ဒေသခံဌာနေတိုင်းရင်းသားများ၏ ရိုးရာကောက်သစ်စားပွဲများကို မိုးနှောင်းရာသီ ဆောင်းဝင်ကာလ စက်တင်ဘာလကုန်ပိုင်းမှစ၍ တိုင်းရင်းသားကျေးရွာများ၌ ပျော်ရွှင်စွာ ကျင်းပဆင်နွှဲလျက်ရှိကြောင်း သိရသည်။

တိုင်းရင်းသားရိုးရာ ကောက်သစ်စားပွဲများကို ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ ကျင်းပကြကာ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ငရုတ်သီးနှင့် အခြားရာသီပေါ် သီးနှံများကို ကိုးကွယ်ယုံကြည်သူထံ ဦးဦးဖျားဖျား ဆက်ကပ်ပူဇော်၍ စုပေါင်းပြီး ဆုတောင်းကြသည်။

ရိုးရာကောက်သစ်စားပွဲကျင်းပသည့် ဤအချိန်တွင် အဝေးရောက်နေသူများမှာလည်း မိမိတို့ မွေးရပ်မြေရှိ မိဘဆွေမျိုးများထံသို့ ပြန်လာကြပြီး မိသားစုလက်စုံထမင်းဝိုင်းများနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများဖြင့် မိတ်ဆုံထမင်းဝိုင်းများ ကျင်းပပြုလုပ်ကြသည်။

မိုင်းယောင်းမြို့နယ်အတွင်းရှိ တိုင်းရင်းသားများ၏ နှစ်စဉ်ကျင်းပမြဲ ရိုးရာဓလေ့တစ်ခုဖြစ်သော ကောက်သစ်စားပွဲများကို ယခုနှစ်တွင် မြို့နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားကျေးရွာများဖြစ်ကြသည့် ဗိအုံ၊ အောင်မြေ၊ အေးချမ်း၊ နမ့်နော်၊ တာကော်ဆာ၊ ကော်ဆမ်မိန်းနှင့် ရှာခင်ကျေးရွာတို့၌ ပျော်ရွှင်စွာ ကျင်းပဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ကြွက်ဘေးသင့်တောင်သူများအား အခြေခံစားသောက်ကုန်များထောက်ပံ့

**ဆွမ်ပရာဘွမ် အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်၌ ကြွက်ဘေးသင့်တောင်သူများအား ငွေသား၊ ဆန်နှင့် အခြေခံစားသောက်ကုန်ပေးအပ်ခြင်းကို အောက်တိုဘာ ၂၃ ရက်က ကျေးရွာအိမ်ထောင်စုများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနက ရန်ပုံငွေဖြင့် ဆွမ်ပရာဘွမ်မြို့နယ်အတွင်း ကြွက်ဘေးသင့်တောင်သူအိမ်ထောင်စု ၁၄၉ စု၊ လူဦးရေ ၉၂၃ ဦးတို့အတွက် ဆန်ရိက္ခာ တစ်လစာလူတစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ဘွပ်ခါးအုပ်စု၊ ကဝါးပန်အုပ်စု၊ ခကရန်းယန်အုပ်စုရှိအိမ်ထောင်စု စုစုပေါင်း ၈၉ စု လူဦးရေ စုစုပေါင်း ၅၅၅ ဦးတို့အား ငွေကျပ် ၄၉၇၈၀၀၀ နှင့် ဆန် ၈၉ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခကရန်းယန်ကျေးရွာအုပ်စုခြောက်စုအိမ်ထောင်စု ၁၄၉ စုအတွက် ချိန်ရိန်ကုမ္ပဏီက (Lotus) ဟင်းသီးဟင်းရွက်ဆီ ၁၀ ဖာ၊ မာမီးခေါက်ဆွဲ ဖာ ၂၀၊ ကြက်သွန်နီ တစ်အိတ်၊ ကြက်သွန်ဖြူ နှစ်အိတ်နှင့် ဆား တစ်အိတ် လှူဒါန်းပေးမည်ဖြစ်ပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ရန်ပုံငွေကျပ် ၃၃၂၉၀၀၀ နှင့် ဆန်အိတ် ၆၀ ကို မိုင်ထောင်ကျေးရွာအုပ်စု၊ ဇနန်ကျေးရွာအုပ်စု၊ အင်ကောမကျေးရွာအုပ်စုရှိ ကြွက်ဘေးသင့်တောင်သူများအား ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ရန်ပုံငွေကျပ် စုစုပေါင်း ၈၃၀၇၀၀၀ နှင့် ချိန်ရိန်ကုမ္ပဏီက (Lotus) ဟင်းသီးဟင်းရွက်ဆီ ၁၀ ဖာ၊ မာမီးခေါက်ဆွဲ ဖာ ၂၀၊ ကြက်သွန်နီ တစ်အိတ်၊ ကြက်သွန်ဖြူ နှစ်အိတ်၊ ဆား တစ်အိတ်တို့ကို အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ဆွမ်ပရာဘွမ်မြို့နယ်အတွင်း ကြွက်ဘေးသင့်တောင်သူ အိမ်ထောင်စုများကို ဆွမ်ပရာဘွမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတန်ရာ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများက တောင်သူများ လက်ဝယ်အရောက် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**April Mor(ဆွမ်ပရာဘွမ်)**

# မိုင်းခုတ်မြို့၌ သီးမွှေးငှက်ပျောပင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုး

**မိုင်းခုတ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းခုတ်မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်လျက်ရှိရာ သီးမွှေးငှက်ပျောပင်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးရောင်းချခြင်းဖြင့် အခြားသီးနှံများထက် အမြတ်ငွေပိုမိုရရှိကြောင်း သီးမွှေးငှက်ပျောစိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

ငှက်ပျောသီးထွက်ရှိမှုအနေဖြင့် ငှက်ပျောတစ်ခိုင်လျှင် ၁၂ ဖီးခန့် ရရှိပြီး တစ်ဖီးလျှင် အလုံး ၂၂ လုံးခန့်ပါရှိကြောင်း၊ လက်ရှိတွင် တစ်ဖီးလျှင် ငွေကျပ် ၁၅၀၀ ဈေးနှုန်းဖြင့်ရောင်းချရကြောင်း၊ စားသုံးသူများ ကြိုက်နှစ်သက်သည့်အတွက် တောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ -

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်း ရှိသောလမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက် ရန်စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက် ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့နယ်၊ မံယူးကြီးကျေးရွာအနီး နယ်မြေတည်ငြိမ် အေးချမ်းရေးဆောင်ရွက်မှုအပေါ် Khit Thit Media က မဟုတ်မမှန်သတင်းများ ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၄**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့အကျိုးအတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအပေါ် မမှန်သတင်းများ အမြဲတမ်းထုတ်လွှင့်နေသည့် တရားမဝင် မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media အနေဖြင့် ဗန်းမောက်မြို့နယ်အတွင်းရှိ ဆေးရုံနှစ်ခုအား တပ်မတော်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း မဟုတ်မမှန်သတင်းအား အောက်တိုဘာ ၂၃ ရက်နေ့တွင် လူမှုကွန်ရက်များပေါ်၌ ကောလာဟလသတင်းများ ထုတ်လွှင့်ခဲ့သည်။

ဖြစ်စဉ်အမှန်မှာ ကချင်ပြည်နယ်အတွင်းသာ စုဖွဲ့လှုပ်ရှားသည့် KIA အနေဖြင့် နိုင်ငံရေးအရ အခွင့်အရေးရယူရန် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းနယ်စပ်အနီး ဗန်းမောက်မြို့နယ်အတွင်းရှိ မံယူးကြီးနယ်မြေအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများကို စုစည်း၍ မြစ်ကြီးနား၊ ဗန်းမောက်၊ ကသာ၊ ထီးချိုင့်၊ ကားလမ်းကြောင်းနှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့် ယန္တရားများအား နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်လျက်ရှိသည့်အပြင် ဗန်းမောက်နှင့် ပင်လည်ဘူးမြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာများနှင့် ရုံး၊ အဆောက်အဦများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၂၀၂၂ ခုနှစ်အတွင်း အင်အားသုံး၍ အနီးကပ်နှင့် အဝေးမှ နှောင့်ယှက်ပစ်ခတ်ခဲ့ခြင်း (၇၈) ကြိမ် နှောင့်ယှက်တိုက်ခိုက်ခဲ့သည်။

ထို့အပြင် KIA အဖွဲ့မှ ဒူဂျွန်၊ ဒူကဘာလအောင် ဆိုသူများ ဦးဆောင်၍ ဗန်းမောက်မြို့နယ်နှင့် ပင်လည်ဘူး မြို့နယ်ကြား မံယူးကြီးကျေးရွာ အနီးတစ်ဝိုက်ရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့သို့ ဆန္ဒမရှိသည့် ကျေးရွာသူ၊ ကျေးရွာသားများအား PDF အဖွဲ့သို့ဝင်ရောက်ရန် အတင်းအဓမ္မခြိမ်းခြောက်စုဆောင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး အကြမ်းဖက်အဖွဲ့ဝင်အဖြစ် စည်းရုံး၍မရသော ကျေးရွာအုပ်စုများကို ရက်သတ်မှတ်လျက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခြင်းမရှိပါက ရွာလုံးကျွတ် အကြမ်းဖက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များနှင့် အကြမ်းဖက်အဖွဲ့အစည်းသို့ အဓမ္မသိမ်းသွင်းသည့် ရှုံ့ရှာစက်စုပ်ဖွယ် လုပ်ရပ်များကို ကျေနပ်မှုမရှိကြသော ကျေးရွာအုပ်စုအချို့ရှိ ပြည်သူတို့က KIA နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ရန် အောက်တိုဘာ ၂၀ ရက်နေ့တွင် မံယူးကြီးကျေးရွာအတွင်း အစည်းအဝေးပြုလုပ်ရန်ရှိကြောင်းနှင့် အဆိုပါအစည်းအဝေး၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းသို့ ဝင်ရောက်ခြင်းမရှိသေးသည့် ဆန္ဒမပြုသည့် ကျေးရွာအုပ်စုများအား အဓမ္မသိမ်းသွင်းခြင်းနှင့် မရပါက နောက်ဆုံးအဆင့် အကြမ်းဖက်မှုများ ပြုလုပ်ရန်ရှိသဖြင့် အောက်တိုဘာ ၁၉ ရက်နေ့တွင် ဗန်းမောက်မှ (၅၈) ကီလိုမီတာခန့်ရှိ ပင်လည်ဘူး၊ (၆၀)ကီလိုမီတာခန့်ရှိ ဝန်းသိုမြို့တွင် ခေတ္တအခြေပြုနေသည့် ပင်လည်ဘူး၊ ဝန်းသိုနယ်မြေရှိ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အချိန်၊ နေရာအတိအကျဖြင့် သတင်းပေးပို့လာခဲ့ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် အေးချမ်းမှုကိုလိုလားသော ကျေးရွာသူ၊ ကျေးရွာသားများ၏ ဆန္ဒနှင့်အညီ အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် အချိန်မီ ဟန့်တားနိုင်ရေး ဗန်းမောက်မြို့နှင့် ၃၂ ကီလိုမီတာ ဝေးကွာသည့် မံယူးကြီး ကျေးရွာအား အချိန်နှင့် မြေနေရာ ကန့်သတ်ချက်များအရ ၎င်းတို့ အစည်းဝေး လုပ်သည့်နေရာသို့ အောက်တိုဘာ ၂၀ ရက်နေ့ မွန်းလွဲပိုင်းတွင် လေကြောင်းမှ အကန့်အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ အဆိုပါ အကြမ်းဖက်လုပ်ဆောင်မည့် အစည်းအဝေးများလည်း ပျက်ပြားခဲ့ပြီးနောက် အေးချမ်းမှုကို လိုလားသည့် ကျေးရွာအုပ်စုများမှလည်း မူလသတင်းပို့သည့် လုံခြုံရေးတပ်ဖွဲ့သို့ မိမိတို့ အကြမ်းဖက်အဖွဲ့များ မဖြစ်ရေးနှင့် ကျေးရွာသို့ အကြမ်းဖက်မှုမှ အကာအကွယ်ပေးကူညီမှုကို ကျေးဇူးတင်ရှိကြောင်း လျှို့ဝှက်စွာ ဆက်သွယ်သတင်းပို့ခဲ့ကြောင်း သိရှိရသည်။



ဗန်းမောက်မြို့နယ်၊ မံယူးကြီးကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

အထက်ပါဖြစ်စဉ်အား လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့သည့် ကျေးရွာအုပ်စုများ၏ လုံခြုံရေးအတွက် တရားဝင်သတင်း မထုတ်ပြန်သော်လည်း အွန်လိုင်း မီဒီယာများမှ နိုင်ငံအတွင်းနှင့် နိုင်ငံတကာမှ အထင်အမြင် လွဲမှားစေရန် လုပ်ကြံဖန်တီး ကောလာဟလ ထုတ်လွှင့်မှုကြောင့် ဖြစ်စဉ်အမှန်အား ယခုကဲ့သို့ သတင်းမှန်ထုတ်ပြန်ခြင်းဖြစ်ပြီး လျှို့ဝှက်သတင်းပေးပို့ ဆက်သွယ်ခဲ့သည့် ကျေးရွာအုပ်စုများနှင့် လူပုဂ္ဂိုလ်များ၏ လုံခြုံရေးအကျိုးငှာ တရားဝင်ထုတ်ပြန်သွားမည် မဟုတ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် လိုအပ်သည့် သောင်းကျန်းသူ ချေမှုန်းရေး၊ စစ်ဆင်ရေးများကို ဂျီနီဗာကွန်ဗန်းရှင်း (၄)ရပ်ကို အခြေခံသော လက်နက်ကိုင် ပဋိပက္ခဆိုင်ရာဥပဒေ (Law of Armed Conflict) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules of Engagement–ROE) အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖားကန့်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ထိတွေ့တိုက်ခိုက်မှု ဆိုင်ရာစည်းမျဉ်း (Rules of Engagement-ROE)အတိုင်း ဆောင်ရွက်



ဖားကန့်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

နေပြည်တော် အောက်တိုဘာ ၂၄

**သတင်းတု သတင်းမှားနှင့် သတင်းလိမ်များဖော်ပြ၍ ကောလာဟလ ဖြန့်ဝေနေကြသော Online Media များက ဖားကန့်တေးဂီတ ဖျော်ဖြေပွဲအား တပ်မတော်လေယာဉ်ဖြင့် ဗုံးကြဲမှုကြောင့် အပြစ်မဲ့ ပြည်သူများနှင့် ကချင်ဝါရင့်အဆိုရှင်အချို့ သေဆုံးခဲ့ကြောင်း လူမှုကွန်ရက်တွင် ကောလာဟလသတင်းများ ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။**

### KIA တပ်မဟာ(၉)လက်နက်ကိုင်အဖွဲ့၏ အခြေပြုနေရာဖြစ်

သတင်းလိမ် မီဒီယာများက ဖော်ပြခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာ အတိအကျမှာ ဖားကန့်နယ်မြေအတွင်းရှိ နိုင်ငံပိုင် သဘာဝသယံဇာတဖြစ်သည့် ကမ္ဘာကျော်ကျောက်စိမ်းများကို တရားဝင်နှင့် တရားမဝင် တူးဖော်နေသည့် ကုမ္ပဏီများနှင့် ရေမဆေးကျောက်သမားများအပေါ် အဓမ္မကုပ်သွေးစုပ်ခြိမ်းခြောက်၊ ငွေညှစ်၊ ဆက်ကြေးတောင်းခံရန် KIA နှင့် KIO ဗဟိုမှ ဖွဲ့စည်းထားသည့် KIA တပ်မဟာ(၉)လက်နက်ကိုင်အဖွဲ့၏ အခြေပြုနေရာဖြစ်ပြီး ၎င်းနေရာအား Google Map တွင် အလွယ်တကူ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပြည်သူများနေထိုင်ခြင်း သို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်း နေထိုင်ခြင်းတို့ကို ခွဲခြားကြည့်ရှုနိုင်ကြောင်း သိရသည်။

### ကျောက်သူဌေးအချို့နှင့် KIA လက်နက်ကိုင်တပ်ဖွဲ့များသာ ဝင်ရောက်နိုင်

ဖော်ပြပါ ကောလာဟလသတင်းတွင် ပါဝင်သော ပြည်သူနှင့် အနုပညာရှင်များ သေဆုံးသည်ဟူသောနေရာသည် KIA တပ်မဟာ(၉)၏ ဌာနချုပ်နယ်မြေဖြစ်ပြီး အဆိုပါနေရာသို့ တရားမဝင်စီးပွားရေး ဆက်သွယ်လုပ်ကိုင်ရန်အတွက် ကျောက်သူဌေးအချို့နှင့် KIA လက်နက်ကိုင်တပ်ဖွဲ့များသာ ဝင်ရောက်နိုင်သည့်နေရာဖြစ်ကာ အများပြည်သူ သွားလာရန် လုံခြုံရေးအရ ကန့်သတ်ချက်ရှိသောနေရာဖြစ်၍ အကြမ်းဖက် သောင်းကျန်းသူများ၏ စစ်ရေးလှုပ်ရှားရာ နယ်မြေတစ်ခုဖြစ်သည်။

အထက်ပါ KIA တပ်မဟာ(၉)နှင့် နောက်လိုက် KIA အဖွဲ့များအနေဖြင့် ဖားကန့်နယ်မြေနှင့် ခန္တီး၊ ဟုမ္မလင်းနယ်မြေစပ်ကြား ဆည်ဇင်းကျေးရွာနှင့် ပတ်ဝန်းကျင်နေရာများသို့ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့နှင့်အတူ သာလွန်အင်အားဖြင့် (၉) ကြိမ် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်း၊ ဟုမ္မလင်း၊ ရေပေါ်မီးနှင့် ဆက်စပ်နယ်မြေအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့၏ အလစ်အငိုက်တွင်ဝင်ရောက်၍ ဆက်ကြေးကောက်ခံခြင်း၊ ပြန်ပေးဆွဲခြင်း၊ ခန္တီးမြို့အနီး နိုင်ငံတော်သို့ တရားဝင် အခွန်တော်ငွေပေးဆောင်၍ ကျောက်စိမ်းတူးဖော်နေသည့် နန်စီပွန် လုပ်ကွက်ရှိ လုံခြုံရေးရဲစခန်းကိုလည်း ၂၀၂၁ မေလအတွင်း သာလွန်အင်အားဖြင့် ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊ လုပ်ငန်းခွင်ပိုင် ယန္တရားများကိုလည်း ကစဉ့်ကလျား ပြန်လည် ဆုတ်ခွာချိန်၌ မီးရှို့ဖျက်ဆီးခဲ့ခြင်း၊ ကံဆီး၊ လုံးခင်း၊ ဖားကန့် ရဲစခန်းများအား အကြိမ်ကြိမ် နှောင့်ယှက်တိုက်ခိုက်ခဲ့ခြင်းများအပြင် ကံဆီး၊ လုံးခင်း၊ နန့်ယား၊ မိုးကောင်း ကားလမ်းတစ်လျှောက်နှင့် တပ်မတော်စခန်းများအား ၂၀၂၁ ခုနှစ်မှ ယနေ့ကာလအထိ အလစ်အငိုက်ရယူကာ (၁၁) ကြိမ်အထိ နှောင့်ယှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

### ခရီးသည်တင်ရေယာဉ်များနှင့် စက်လှေများအားပစ်ခတ်

ထို့အပြင် အောက်တိုဘာ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်နေ့များတွင်

*စာမျက်နှာ ၂၅ သို့*

# PDF အမည်ခံအကြမ်းဖက်အဖွဲ့က ကော့ကရိတ်မြို့နယ်ရှိ စစ်ရေးနှင့်မသက်ဆိုင်သော အခြေခံပညာအထက်တန်းကျောင်း (ချောင်းတောင်)အား Drone ယာဉ်အသုံးပြု၍ Drop Bomb များဖြင့်တိုက်ခိုက်

**နေပြည်တော် အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ချောင်းတောင်)အား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ယနေ့ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင် Drone ယာဉ် တစ်စီးအသုံးပြု၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ စစ်ရေးနှင့်မသက်ဆိုင်သော အခြေခံပညာအထက်တန်းကျောင်း(ချောင်းတောင်) အား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်အသုံးပြု၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့သဖြင့် ကျောင်းအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက လက်နက်ငယ်များဖြင့် လိုက်လံပစ်ခတ်ခဲ့ရာ အဆိုပါ Drone သည် ကျောင်း၏ တောင်ဘက်သို့ မောင်းနှင်သွားကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်အဖွဲ့က စစ်ရေးနှင့်မသက်ဆိုင်သော အခြေခံပညာ အထက်တန်းကျောင်းအား Drone ယာဉ်အသုံးပြု၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ကျောင်းဝင်းအတွင်းရှိ ဆရာ ဆရာမများနေထိုင်ရန် အသစ်ဆောက်လုပ်ထားသည့် နှစ်ထပ်ဆောင်ပေါ်သို့ ဗုံးသီးနှစ်လုံး၊ ကျောင်းနှင့်ကပ်လျက်ရှိ ဒေါ်ခင်သန်းနွယ် နေအိမ်ပေါ်သို့ ဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် ကျောင်းဆောင်အမိုးများ ပေါက်ပြဲပျက်စီးခဲ့ကြောင်းနှင့် အမှတ်(၂) ရပ်ကွက်နေ ဒေါ်ခင်သန်းနွယ်တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။





ကော့ကရိတ်မြို့နယ်၌ Drone ဖြင့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူနှင့် အထက(ချောင်းတောင်)အား Drone ဖြင့် ဗုံးခွဲဖျက်ဆီးမှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော စာသင်ကျောင်းများ၊ ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားသည့်နေရာများကို ရည်ရွယ်ချက်ရှိစွာဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။ ထိုကဲ့သို့ အနာဂတ်လူငယ်၊ လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ကျောင်းအဆောက်အဦများအား Drone ယာဉ်များဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သူများအား အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၄ မှ*

မိုးမောက်မြို့နယ်အနီးရှိ တပ်မတော်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြိမ်ကြိမ်ပြင်းထန်စွာ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့်အပြင် ဗန်းမောက်သို့ ရောဝတီမြစ်ကြောင်းတစ်လျှောက် သယ်ပို့နေသည့် ခရီးသည်တင်ရေယာဉ်များနှင့် စက်လှေများအား ကသာ၊ ရွှေကူနှင့် ဗန်းမော်ကြား အကြိမ်ကြိမ် အကြောင်းမဲ့ပစ်ခတ်နေမှုတို့ကြောင့် တပ်မတော်အနေဖြင့် KIA တပ်မဟာ(၉) နယ်မြေအား လိုအပ်သောစစ်ဆင်ရေးများ တန်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### အနုပညာရှင်များ သေဆုံးခဲ့ရသည်ဟူသော ထုတ်ပြန်ချက်သည် ကောလာဟလသာဖြစ်

Khit Thit Media အပါအဝင် သတင်းလိမ်၊ သတင်းတု၊ သတင်းမှားဖော်ပြနေကြသည့် သတင်းဌာနများတွင် ဖော်ပြခဲ့သည့် ပြည်သူ ၅၀ ကျော်နှင့် အနုပညာရှင်များ သေဆုံးခဲ့ရသည်ဟူသော ထုတ်ပြန်ချက်သည် ကောလာဟလသာဖြစ်ပြီး အတည်ပြုနိုင်သော မြေပြင်သတင်းများနှင့် လိုင်ဇာ၊ KIO ဗဟိုဌာနချုပ်၏ အတွင်းသတင်းများအရ တပ်မဟာမှူးအဆင့်ရှိ ရှရော်လဆိုင်း၊ ဒုတပ်မဟာမှူးအဆင့်ရှိ ဇယ်တောင်၊ တိုက်နယ်မှူးအဆင့်ရှိ ဒူကဘာလအောင်၊ သယံဇာတ တိုင်းတာရေး တာဝန်ခံဆိုသူ ဖေရန်တို့ အပါအဝင် KIA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်ရေးနှင့် ငြိမ်ချမ်းရေးတို့အတွက် လိုအပ်သည့် သောင်းကျန်းသူချေမှုန်းရေး၊ စစ်ဆင်ရေးများကို ဂျီနီဗာကွန်ဗန်းရှင်း (၄)ရပ်ကို အခြေခံသော လက်နက်ကိုင် ပဋိပက္ခဆိုင်ရာဥပဒေ (Law of Armed Conflict)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာစည်းမျဉ်း (Rules of Engagement–ROE) အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရိုတိုတိုက်ကွမ်ဒိုချန်ပီယံရှစ် ဖိတ်ခေါ်ဖလားပြိုင်ပွဲ၌ အောင်ဆန်းကလပ်အသင်း တံခွန်စိုက်ဖလားဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၂၄**

ရိုတိုတိုက်ကွမ်ဒိုချန်ပီယံရှစ်ဖိတ်ခေါ်ဖလား ပြိုင်ပွဲကို ယမန်နေ့ ညနေက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (ဘူယောင်း တိုက်ကွမ်ဒိုလေ့ကျင့်ရေးစင်တာ)၌ ကီလိုတန်း အလိုက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အောင်ဆန်း ကလပ်အသင်းက ပထမတံခွန်စိုက်ဖလားရရှိသည်။

"ကျွန်တော်တို့ အောင်ဆန်းကလပ်က ကစားသမား ၈၀ လောက်ဝင်ပြိုင်ကြတယ်။ တံခွန်စိုက်ဒိုင်း ပထမဆုနဲ့ ဒုတိယဆုရတယ်။ ခါးစည်းနက်တန်းမှာ ပထမဆု၊ ခါးစည်းအရောင်အဆင့်မှာ ဒုတိယဆုရတယ်။ တစ်လလောက်အချိန်ယူ ပြင်ဆင်ခဲ့ရတယ်။ တံခွန်စိုက်ဒိုင်းက ပြိုင်တိုင်းရပါတယ်။ ကျွန်တော်တို့ ကလပ်ကနေ လက်ရွေးစင်ကစားသမားတွေ ထွက်တယ်။ ဆီးဂိမ်းရွှေတံဆိပ် ဆုရှင်တွေလည်း အများကြီးထွက်ပါတယ်" ဟု အောင်ဆန်းကလပ်မှ အုပ်ချုပ်သူ ဦးဝင်းမော်ထွန်းက ပြောသည်။

ပြိုင်ပွဲများအပြီး အမျိုးသား/အမျိုးသမီး"အတိုက်"(Kyorung) နှင့် "က" ကွက် (Poomsae) ပြိုင်ပွဲများ၊ သက်ငယ်တန်း (Cadet)အဆင့်၊ ဂျူနီယာတန်း (Junior) အဆင့် ကီလိုတန်းအလိုက် ပြိုင်ပွဲများ ၊ အပြည်ပြည်ဆိုင်ရာခါးစည်းအနက် (Kukki–Won) ဒန်အဆင့် ရရှိထားသူများ၊ ခါးစည်းအစိမ်းမှ အနီ ၁ ဒီဂရီအထိရရှိထားသူ၊ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများ၊ အကောင်းဆုံးနည်းပြ၊ အတိုးတက်ဆုံး၊ အတတ်ကြွဆုံး၊ အသန့်ရှင်းဆုံးနှင့် အကောင်းဆုံးဆုရရှိသူများအား မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခါးစည်းကာလာအဆင့်တံခွန်စိုက်ဒိုင်း ဆုရ ရွှေ ခုနစ်ခု၊ ငွေရှစ်ခု၊ ကြေးခြောက်ခုရ ရွှေပြည်သာအသင်း၊ ရွှေခုနစ်၊ ငွေခြောက်၊ ကြေး ၁၃ခုရ အောင်ဆန်းအသင်း၊ ရွှေသုံးခု၊ ငွေလေးခု၊ ကြေး၁၂ ခု ရ YTC အသင်းတို့အား ရိုတိုကုမ္ပဏီမှမန်နေးဂျင်းဒါရိုက်တာ ဒေါ်စန္ဒာရွှေကလည်းကောင်း၊



တိုက်ကွမ်ဒို အမျိုးသားခါးစည်းအနက်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

ခါးစည်းအနက်အဆင့် တံခွန်စိုက်ဒိုင်းဆုရ ရွှေ ၁၂ခု၊ ငွေ၁၄ခု၊ ကြေး ၁၈ ခုရ အောင်ဆန်းအသင်း၊ ရွှေခြောက်ခု၊ ငွေတစ်ခု၊ ကြေးလေးခုရ Dragon အသင်း၊ ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးခြောက်ခုရ စံပြဖိုက်တာ အသင်းတို့အား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ မြဟန်တို့က တံခွန်စိုက်ဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို အောက်တိုဘာ၂၂ ရက်မှ၂၃ ရက်အထိ ကျင်းပခဲ့ပြီး ကလပ်အသင်း ၁၃ သင်းမှ အားကစားသမား ၃၅၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**



ဘိုင်ယန်မြူးနစ် နှင့် ဘာစီလိုနာ ယှဉ်ပြိုင်စဉ်။

# ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၅) ပွဲစဉ်များ ယှဉ်ပြိုင်ကစားသွားမည်

ယခုတစ်ပတ် အောက်တိုဘာ ၂၅ ရက်နဲ့ ၂၆ ရက်မှာ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၅) ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အုပ်စုနောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ပွဲစဉ်တွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ဆောလ်ဘတ်နဲ့ ချယ်ဆီးအသင်းတို့ဟာ အုပ်စု (င) မှာ အေစီမီလန်၊ ဒိုင်နမိုဇာဂရက် အသင်းတို့နဲ့ တစ်အုပ်စုတည်း ကျရောက်နေပြီး ယင်းနှစ်သင်းအတွက်ယခုပွဲစဉ်က နောက်တစ်ဆင့်တက်ရောက်ဖို့ အဆုံးအဖြတ် ပွဲစဉ်ဖြစ်လာနိုင်ပါတယ်။ အုပ်စုကို ချယ်ဆီးက ရမှတ် ခုနစ်မှတ်နဲ့ ဦးဆောင်ထားပေမယ့် ဆောလ်ဘတ်နဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် အကြိတ်အနယ်ရှိလာမှာပါ။

ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့က အုပ်စု (ဂ) မှာ အင်တာမီလန်၊ ပဲလ်ဇန်အသင်းတို့နဲ့အတူ ကျရောက်နေတယ်။ ဘိုင်ယန်မြူးနစ်အသင်းက လေးပွဲကစားပြီး လေးပွဲစလုံး နိုင်ပွဲရရှိထားတာကြောင့် အုပ်စုကို ဦးဆောင်ထားတယ်။ ဘာစီလိုနာက ရမှတ်လေးမှတ်နဲ့ အုပ်စု တတိယနေရာ ရပ်တည်နေတာကြောင့် ယခုပွဲသာ ဘာစီလိုနာတို့ ရှုံးနိမ့်ခဲ့ရင် နောက်တစ်ဆင့်တက်နိုင်ရေး ခက်ခဲသွားမှာ ဖြစ်ပါတယ်။

**အောင်ဇော်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၆)နေ မြတ်ဆုအောင်သည် ၎င်းအသုံးပြုသည့် "Myat Su Aung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ မင်းဟိန်းလတ်(ခ) အီဗရာဟင်သည် ၎င်းအသုံးပြုသည့် "Min Hein Latt" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ် ၁၅ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) တစ်တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ် ၁၅ ဒသမ ၃ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) တစ်တန်ကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကာလိဘက်မှ မိုင်းပျဉ်းဘက်သို့ စိုင်းဖြိုးဝေသန့်(ခ) အိုက်လျှန်း မောင်းနှင်ပြီး စိုင်းအိုက်မွန်း လိုက်ပါလာသည့် UD TRUCKS ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁၅ ဒသမ ၃ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၀၉၆ တန် သိမ်းဆည်းရမိခဲ့ပြီး **(ယာပုံ)** စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များကို ကွန်ဟိန်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိကာ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ နိုင်လင်းအောင်(ခ) နိုင်လင်း(ခ)သီဟ၏ နေအိမ်တိုက်ခန်းသို့ ဝင်ရောက်ရှာဖွေရာ ကတ်တမင်း ၂ ဒသမ ၉၂ ကီလို၊ အက်တက်စီဆေးပြား ၇၀၁၀ နှင့် Happy Water အမှုန့် သုည ဒသမ ၂၈ ကီလိုကိုလည်းကောင်း၊ အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကလောမြို့နယ် ရေချို ကျေးရွာအုပ်စု ဇောတိကျေးရွာအနီး အောင်ပန်း – ပင်မှီသွားကားလမ်းတွင် မြင့်အောင်(ခ)မောင်အောင် မောင်းနှင်ပြီး မနန်းဌေးဦး(ခ) မမူ၊ မနန်းမိုးနွယ်နှင့် မနှင်း တို့ လိုက်ပါလာသည့် TOYOTA HILUX SURF အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၁၀ နာရီခွဲတွင် အောင်ပန်းမြို့ ရွာသစ်ရပ်ကွက်ရှိ မနန်းဌေးဦး(ခ) မမူ ငှားရမ်းနေထိုင်သည့် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မမာတိန(ခ) တိန နှင့် မသန်းမြင့်တို့ နှစ်ဦးကိုတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း၊ နံနက် ၁၁ နာရီတွင် ဇောတိကျေးရွာရှိ မမေဇူလိုင်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေစေတီလမ်းတွင် အယ်ရှီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် အားဒေ မောင်းနှင်ပြီး မမီတီး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မြင့်အောင်(ခ)မောင်အောင်၊ မနန်းမိုးနွယ်၊ မနှင်း၊ မနန်းဌေးဦး(ခ)မမူ၊ မသန်းမြင့် နှင့် မမာတိန(ခ)တိန တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မဟာအောင်မြေမြို့နယ်တွင် မြေအောက်၌ သွယ်တန်းထားသော မီးကြိုးများခိုးယူသူ အမျိုးသားတစ်ဦးကို အရေးယူထား

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အောက်တိုဘာ ၂၃ ရက်က မြေအောက်၌ သွယ်တန်းထားသော မီးကြိုးများ ခိုးယူသူ အမျိုးသားတစ်ဦးကို အမှုဖွင့် အရေးယူထားသည်။

မဟာအောင်မြေ မြို့နယ် မဟာအောင်မြေမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဟေမမာလာ(တောင်)ရပ်ကွက် ၇၈ လမ်း၊ ၄၀ လမ်းနှင့် ၄၁ လမ်းကြားအရောက်၌ ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်နေ အောင်ထွေး (၂၃ နှစ်) သယ်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ နှစ်ပိဿာခန့်ရှိမီးကြိုးခွေ တစ်ခွေ၊ တူ၊ ပလာယာ၊ ခေါက်ဓား တစ်ချောင်းတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စစ်မေးရာ အဆိုပါမီးကြိုးများကို မဟာအောင်မြေမြို့နယ် ဟေမမာလာ(မြောက်) ရပ်ကွက် ၇၈ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ မြေအောက်၌ သွယ်တန်းထားသော မီးကြိုးများကို ဖြတ်တောက် ခိုးယူလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အောင်ထွေး အား မဟာအောင်မြေ မြို့မရဲစခန်း အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ကလောမြို့နယ်၌ ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပြီး အမျိုးသားနှစ်ဦး ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် ကလောမြို့နယ်၌ အောက်တိုဘာ ၂၃ ရက်က ဆီဘောက်ဆာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နေ စိုးလှိုင်(၅၁ နှစ်) မောင်းနှင်ပြီး သာကေတမြို့နယ်နေ အောင်ဇော်ဦး(၂၂ နှစ်) လိုက်ပါလာသော MDY 5L/---- SCANA ၂၂ ဘီး ဆီဘောက်ဆာယာဉ်သည် အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီခွဲက ကလောမြို့နယ် သရက်သုံးပင်ကွေ့ ကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၉၆ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြားအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်သွားခဲ့သဖြင့် စိုးလှိုင်နှင့် အောင်ဇော်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး ခုတင်-၁၀၀၀ ၌ ဝေဒနာရှင်များအတွက် ပုံမှန်အတိုင်း ရောဂါဘာသာရပ်အလိုက် ကုသဆောင်ရွက်မှုပေးနေ

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော် ခုတင်-၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ ယခင်ကကဲ့သို့ နေပြည်တော် အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ လာရောက် ဆေးကုသမှုခံယူသူ ဝေဒနာရှင်များအား ကျွမ်းကျင်သူ ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများက ဘာသာရပ်အလိုက် ကြည့်ရှုကုသမှုများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆေးရုံအုပ်ကြီးထံမှ သိရသည်။

“နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ မှာ လူနာဆေးကုသဆောင်အားလုံး ဖွင့်လှစ်ကုသမှု ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ အရေးပေါ်နှင့် ပြင်ပလူနာဌာနကိုလည်း ၂၄ နာရီ ပိတ်ရက်မရှိ ကုသပေးလျက်ရှိနေပြီး အထူးကုပြင်ပလူနာဌာန (၁) နဲ့ (၂) ကို ဖွင့်လှစ်ပြီး နေ့စဉ်ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကြည့်ရှုကုသပေးလျက် ရှိနေပါတယ်။ နောက်ပြီး ဆေးရုံရဲ့ကုသမှုအထောက်အကူပြုဌာနများ အုပ်ချုပ်မှုစီမံအဖွဲ့များလည်း ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက်ရှိနေပါတယ်” ဟု ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးက ပြောသည်။

နေပြည်တော် ခုတင်-၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီးတွင် နေ့စဉ်ပြင်ပလူနာ လာရောက်ပြသမှုဦးရေ ၁၃၀ ပျမ်းမျှရှိပြီး နေ့စဉ်အထူးကုပြင်ပလူနာပြသမှုဦးရေ ၄၀၀ ပျမ်းမျှရှိကာ လက်ရှိကုသမှုပေးနေသည့် အတွင်းလူနာဦးရေသည် ၃၀၀ ပျမ်းမျှရှိကြောင်း သိရသည်။



နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး ခုတင်-၁၀၀၀။

နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီးရှိ ဘာသာရပ်အလိုက် အထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကြည့်ရှုကုသမှုပေးနေသည့် နေ့ရက်နှင့် အချိန်ဇယားများကိုလည်း အများပြည်သူ မြင်သာအောင် ရေးဆွဲဖော်ပြထားသည်ကို တွေ့ရှိရသည်။

ကင်ဆာရောဂါ ဆေးကုသမှုဌာနသည် တနင်္လာ+ ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီမှ ၁၀ အထိ လည်းကောင်း၊ ကင်ဆာဓာတ်ရောင်ခြည်ဌာနသည် တနင်္လာမှ သောကြာနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဌာနသည် ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုဌာနသည် တနင်္လာ + အင်္ဂါ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း ဆေးကုသမှုဌာနသည် တနင်္လာနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ အသည်းရောဂါ ဆေးကုသမှုဌာနသည် တနင်္လာနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ (စီပိုး) အသည်းရောဂါ ဆေးကုသမှုဌာနသည် ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း။

ဆီးနှင့် ကျောက်ကပ် ဆေးကုသမှုဌာနသည် ဗုဒ္ဓဟူးနေ့ နံနက်၈ နာရီမှ၁၀ နာရီအထိလည်းကောင်း၊ ဆီးနှင့် ကျောက်ကပ် ခွဲစိတ်ကုသမှုဌာနသည် အင်္ဂါ+ ကြာသပတေးနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ နှလုံးဆေးကုသမှုဌာနသည် တနင်္လာနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ သွားနှင့် ခံတွင်းရောဂါ ကုသမှုဌာနနှင့် မျက်နှာနှင့် မေးရိုးကုသမှုဌာနသည် တနင်္လာ+ အင်္ဂါ+ ဗုဒ္ဓဟူး + သောကြာနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ ခုခံအား ကျဆင်းမှုရောဂါကုသမှုဌာန (ART) သည် လူကြီးအတွက် သောကြာနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ ခုခံအား ကျဆင်းမှု ရောဂါကုသမှုဌာန (ART) ကလေးအတွက် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိလည်းကောင်း၊ ဆီးချို သွေးတိုးရောဂါကုသမှုဌာနသည် ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ စိတ်ကျန်းမာရေးဆေးကုသမှုဌာနသည် တနင်္လာ+ အင်္ဂါ + ကြာသပတေးနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ အရေပြားရောဂါ ဆေးကုသမှုဌာနသည် တနင်္လာ + ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း၊ ကုသမှုပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ယခင်ကတည်းက အနယ်နယ်အရပ်ရပ်မှ နေပြည်တော်ခုတင်-၁၀၀၀ဆေးရုံကြီးသို့ လာရောက်ဆေးကုသသူလူနာနှင့် လူနာစောင့်များ ညအိပ် တည်းခိုနိုင်ရန်အတွက် တည်းခိုဆောင် စုစုပေါင်း ခုနစ်လုံးကို ဆောက်လုပ်ပေးထားပြီးဖြစ်ရာ အမျိုးသမီးသီးသန့် သုံးဆောင်၊ အမျိုးသား သီးသန့် သုံးဆောင်၊ စုပေါင်းနားခိုဆောင် တစ်ဆောင်တို့ကိုလည်း အခမဲ့တည်းခိုခွင့်ပြု ပေးထားကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ၂၀၂၂ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင်နေသူများအတွက် အဆင်ပြေ

နေပြည်တော် အောက်တိုဘာ ၂၄

**နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်နေသည့် ၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီများ၊ ကုန်သည်များ၊ အသေးစားကျောက်မျက် အချောထည်လုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင်နေကြသူများအတွက် အဆင်ပြေကြောင်း သိရသည်။**



“ကျောက်တွေက ဆက်လက်တူးဖော်လုပ်ကိုင်ခွင့်တွေ မရရှိတော့တဲ့အတွက် လက်ရှိကျောက်ကောင်းတွေကိုပဲ တင်ပြရောင်းချထားပါတယ်။ လက်ရှိအခြေအနေအရ ဝန်ထမ်းတွေအတွက် လစာ၊ စရိတ်တွေအတွက် ပြပွဲရှိမှ ရောင်းချရတာဆိုတော့ ငွေစီးဆင်းလည်ပတ်နေမှ အဆင်ပြေမှာပါ။ အခု ကျောက်ပြပွဲမှာ အတွဲပေါင်း ၈၀ တင်ပြ ရောင်းချထားတာ ရောင်းရပါတယ်” ဟု ငွေဆင်ကျောက်မျက်ရတနာ ကုမ္ပဏီမှ မန်နေဂျာ ဦးလင်းအောင် က ပြောသည်။

“ပြည်ပ ကုန်သည်တွေနဲ့ ယှဉ်ပြိုင် ဝယ်ယူရတဲ့အတွက် ပြောင်းလဲနေတဲ့ လက်ရှိငွေဈေးနှုန်းနဲ့ ကျောက်ဈေးနှုန်း တန်ဖိုး ဖြတ်ရတာ ခက်ခဲပါတယ်။ ကျွန်တော်တို့က ကိုယ့်နိုင်ငံမှာ ရှိတဲ့ ကျောက်ဈေးကွက်အတိုင်း ဝယ်ယူပါတယ်။ ဝယ်ယူရတဲ့ ကျောက်တွဲတွေကို ခွဲစိတ်ဖြတ်တောက်ပြီး လိုင်းအလိုက် (ပုတီး၊ လက်ကောက်၊ လက်ဝတ်ရတနာ၊ အရည်) အချောထည်ပြုလုပ်ပြီးမှ ပြန်လည် ရောင်းချရတာပါ။ တစ်ဦးတည်း မလုပ်နိုင်တဲ့အတွက် အုပ်စုလိုက် ရှယ်ယာထည့်ဝင်ပြီး ဝယ်ယူရတာပါ။ အခုအချိန်က ကျောက်ထုတ်လုပ်မှု နည်းလာတဲ့အတွက် ကျောက်ရှားပါးလာပါတယ်။ ကျောက်သွေး၊ ကျောက်ဖြတ်၊ အချောထည်လုပ်ငန်းနဲ့ပဲ လုပ်ကိုင်နေတာ နှစ်ပေါင်းများစွာကြာပါပြီ။ လိုချင်တဲ့ ကျောက်တွဲကို ရရှိဖို့ကလည်း ဈေးပြိုင်ပေး ဝယ်ယူရတာကြောင့် ကျောက်တွဲရရှိဖို့ ကြိုးစားရပါတယ်” ဟု မန္တလေးမြို့မှ ပြပွဲသို့ အုပ်စုလိုက် လာရောက်ဝယ်ယူသူ ကျောက်မျက် အချောထည်လုပ်ငန်း လုပ်ကိုင်သူတစ်ဦး ထံမှ သိရသည်။

ယခုအကြိမ် ပြပွဲသည် ကျောက်အတွဲပေါင်း ၂၁၅၀ တွဲသာ တင်ပြရောင်းချပြီး ရောင်းချသည့် ကျောက်အတွဲများတွင် ကျောက်သား ကောင်းမွန်သောကြောင့် တင်ဒါစတင်ရောင်းချသည့် ပထမရက်အတွင်း ရာနှုန်းပြည့်နီးပါး ရောင်းချရပြီး ဈေးနှုန်းကောင်းမွန်စွာ ရရှိကြောင်း ကျောက်မျက်ကုမ္ပဏီများ ထံမှ သိရသည်။

**ခွန်(ဝင်းပ)**

# မူဆယ် (၁၀၅) မိုင်တွင် အိမ်ထောင်စု ၁၀၀ အတွက် ဆန်နှင့် ဆီအပါအဝင် စားသောက်ကုန်များ လှူဒါန်း

**မူဆယ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် (၁၀၅) မိုင်၌ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးကွန်ရက်၊ ကမ်းလက်ကူညီပရဟိတအသင်း ဥက္ကဋ္ဌ ဦးဝင်းငွေနှင့်ဒုတိယဥက္ကဋ္ဌ ဦးစိန်လှအောင်တို့ ဦးစီးဦးဆောင်မှုဖြင့် မူဆယ်မြို့နေ ကိုသန်းထိုက်နှင့် မိသားစုက အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၀ အတွက် ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် အခြားစားသောက်ကုန်များ ထောက်ပံ့မှုကို အောက်တိုဘာ ၂၄ ရက်က မူဆယ်နှင့် (၁၀၅) မိုင်ကြားကုန်သွယ်ရေးဇုန်ရှေ့ ပြည်ထောင်စုကားလမ်းမကြီးဘေးတွင် ပြုလုပ်သည်။



လှူဒါန်းပွဲတွင် ကမ်းလက်ကူညီပရဟိတအသင်း ဥက္ကဋ္ဌနှင့် အသင်းသူ အသင်းသားများက အိမ်ထောင်စု ၁၀၀ အတွက် ဆန်၊ ဆီ၊ ဆေး၊ ဆား အပါအဝင် အခြားစားသောက်ကုန် ပစ္စည်းများ စုစုပေါင်း ခန့်မှန်းကာလတန်ဖိုး ငွေကျပ်သိန်း ၁၂၀ ကျော်ဖိုးရှိ လှူဒါန်းပစ္စည်းများကို အိမ်ထောင်စု တစ်စုလျှင် ဆန် သုံးပြည်၊ ဆီ တစ်ဘူး၊ ဆေး၊ ဆား၊ ကြက်ဥနှင့် ခေါက်ဆွဲထုပ်များကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

အဆိုပါလှူဒါန်းပွဲကို မူဆယ်ခရိုင် လူမှုဝန်ထမ်းဦးစီဌာန ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဒေါ်တင်တင်စိန်နှင့် ဝန်ထမ်းများ၊ ကမ်းလက်ကူညီပရဟိတအသင်းသူ အသင်းသားများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားလူမှုကူညီရေးအသင်းအဖွဲ့များက လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ကြောင်းနှင့် (၁၀၅) မိုင် ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းဖြင့် ကျန်းမာရေးကူညီ စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# ကြံခင်းမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်ဆောင်ရွက်

ကြံခင်း အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့တွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုလျော့နည်းစေရေး၊ ကြံခင်းမြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ လေ့ကျင့်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုနိုင် ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် လေ့ကျင့်သရုပ်ပြပြီးနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား ရုတ်တရက် မီးဘေးအန္တရာယ် ကြုံတွေ့ပါက (DCP)မီးသတ် ဆေးဘူးဖြင့် ငြိမ်းသတ်နိုင်ရန် အသုံးပြုပုံကို လက်တွေ့သရုပ်ပြ လေ့ကျင့်ပေးခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးပြီးနောက် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများက မြို့မဈေးအတွင်း လျှပ်စစ်ကြိုးသွယ်တန်းအသုံးပြုခြင်း၊ မီးမိန်းများစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးနှင့် ရေသိုလှောင်ထားရှိခြင်း၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်များ မီးဘေးကြိုတင်ကာကွယ်နိုင်ရန် ပြင်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



# မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၂၉၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မော်တော်ယာဉ်ကိုနောက်ဆုတ်လိုလျှင် မော်တော်ယာဉ်၏ ဘေးနှစ်ဖက်နှင့် နောက်သို့ ကြည့်ပြီး အန္တရာယ်ကင်းမှ အချက်ပြ၍ ဖြည်းညင်းစွာနောက်ဆုတ်ရမည်။ အခြားမော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ။

(ခ) လမ်းသွယ်မှ လမ်းမပေါ်သို့ မော်တော်ယာဉ်နောက်ဆုတ် မထွက်ရ။

(ဂ) တစ်လမ်းမောင်းလမ်းပေါ်တွင် နောက်ဆုတ်မမောင်းရ။

(ဃ) ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ။

(င) လမ်းအသုံးပြုသော အခြားသူများအား အနှောင့်အယှက် ဖြစ်စေမည့် ကြာရှည်စွာနောက်ဆုတ်ခြင်း မပြုရ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန




## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်း မောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2R/6226, Brilliance V3 Station Wagon (4 x 2)L ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဟိန်းကိုကို ၁၂/သဃက(နိုင်)၁၈၄၇၀၄၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၄)နာရီ HELPLINE ဝန်ဆောင်မှု

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုတို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါက

- ✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊
- ✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline ဖုန်းနံပါတ် 1566** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပြီး၊ Viber နံပါတ် **၀၉- ၈၈၉၉၁၁၁၄၄** သို့ Viber Message ပေးပို့၍လည်းကောင်း၊ Helpline - DSW Facebook Page Messenger သို့ Message ပေးပို့၍လည်းကောင်း တိုင်ကြားနိုင်ပါသည်။

**Viber နှင့် Messenger များသို့ ပေးပို့တိုင်ကြားပါက အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်သွင်းဖော်ပြပေးပါရန်။**

Helpline – DSW (၀၉-၈၈၉၉၁၁၁၄၄)  Helpline 1566  Helpline – DSW

တိုင်ကြားသူ၏အချက်အလက်မပေါက်ကြားရေး
အထူးအလေးထားကာကွယ်ပေးသွားပါမည်။

## ဒေါ်မျိုးစုစုခိုင် (၁၂/တတန (နိုင်) ၁၆၀၄၆၅) သိစေရန်

– ဒေါ်မို့မို့ခိုင်ထံမှ ဒေါ်မျိုးစုစုခိုင် အကူအညီတောင်းခံချေးယူသွားသောငွေများ ပြန်လည်ပေးဆပ်ရန်ကိစ္စ။

– ဒေါ်မို့မို့ခိုင်ထံမှ (၁၅.၅.၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူ မြေညီတိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်ဖြင့် တိုက်ခန်းဖိုးငွေများရယူပြီး ရောင်းချရန် ကတိပြုသဘောတူသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်-၄၁၊ မြေညီထပ်တိုက်ခန်းအား လက်ရောက်လွှဲပြောင်း ပေးအပ်ရန်ပျက်ကွက်နေခြင်းကိစ္စ။

– ဒေါ်မို့မို့ခိုင်ထံမှ နှစ်ဦးပူးပေါင်းလုပ်ကိုင်သော စားသောက်ဆိုင်လုပ်ငန်းနှင့် သက်ဆိုင်သော ယစ်မျိုးလိုင်စင်၊ လယ်ဂျာစာအုပ်၊ ဘောက်ချာစာအုပ်တို့ကို ပြန်လည်ပေးအပ်ရန်ကိစ္စ၊

– ဒေါ်မို့မို့ခိုင်ထံမှ ယစ်မျိုးလိုင်စင်သက်တမ်းတိုး အခွန်ဆောင်ရန်အတွက် ယူသွားသည့်ငွေကိစ္စ။

– ဒေါ်မို့မို့ခိုင်နှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ) ရပ်ကွက်၊ ၁၆၅-လမ်း (လမ်းရှည်)၊ အမှတ် -၂၀/ဘီကို ငှားရမ်းပြုပြင်ပြီး လျှပ်စစ်နှင့် ရေသုံးစွဲရန် ဆောင်ရွက်လျက် လုပ်ငန်းသုံးပစ္စည်းများထားရှိကာ လုပ်ကိုင်သော M2K Tamwe Bar စားသောက်ဆိုင်လုပ်ငန်းအား (၁၁.၆.၂၀၂၂) ရက်နေ့မှ (၁၈.၉.၂၀၂၂)ရက်နေ့အထိ လုပ်ကိုင်ခဲ့သည့်ကာလအတွက် စာရင်းရှင်းလင်းရန်ကိစ္စ။

– အဆိုပါကိစ္စများနှင့် စပ်လျဉ်း၍(၁၅.၁၁.၂၀၂၂)ရက်နေ့ နောက်ဆုံးထားပြီး ဒေါ်မို့မို့ခိုင်နှင့် လာရောက်တွေ့ဆုံဖြေရှင်းပါရန်နှင့် တွေ့ဆုံဖြေရှင်းရန် ပျက်ကွက်လျှင် ဒေါ်မို့မို့ခိုင်က ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်မို့မို့ခိုင် (၁၂/တမန(နိုင်)၁၀၄၆၅၉)၏ လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စန်းစန်းတင့်**
**LL.B, LL.M တရားလွှတ်တော်ရှေ့နေ**
**အမှတ် – ၅၈ / ၃၊ အဝေရောလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3F/6884 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကြေးမုံ ၅/ယမပ(နိုင်) ၁၀၆၅၂၄ ၏ နိုင်ငံသားမှတ်ပုံတင်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၀၁၅၈၈၃**

## ရောင်းချရန်ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ် ၈၁

| | | |
|---|---|---|
| ၁။ ဦးမောင်ကို | နှင့် | ၁။ ဦးညွန့်လှိုင် |
| ၂။ ဒေါ်အေးချိုသင်း | | ၂။ ဒေါ်သိန်းသိန်းထွေး |
| ၃။ ဒေါ်တင်တင်အေး | | |
| **ဒီကရီအနိုင်ရသူများ** | | **တရားရှုံးများ** |

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂၁၀/၂၀၁၄ အမှုတွင် တရားလိုက အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက် နံနက် ၁၀နာရီ (၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်)တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ အီး ၃၊ မြေကွက်အမှတ် ၁၃၊ စတုတ္ထတန်း၊ ဆင်ခြေဖုံး၊ မြေပိုင်မြေကွက်၏ ဗိုလ်ဥတ္တမလမ်းရှိ မြေကွက်ကလေးအမှတ် ၁၃အေ/၁၂၊ မြူနီစပါယ်နံပါတ် ၆၂ ဟုခေါ်တွင်သော ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် ၆၂၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်ခံ (၂)ထပ်လူနေအဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း (၃၀၀၀၊ ကျပ်သိန်းသုံးထောင်)တိတိ

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အားအထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည်ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၂ခုနှစ် အောက်တိုဘာလ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(ဥမ္မာမောင်)
ဒုတိယခရိုင်တရားသူကြီး(၂)
အလုံခရိုင်တရားရုံး

## ၁။ ဦးအောင်မိုး ၂။ ဒေါ်မြမြခိုင် ၃။ ဒေါ်နွယ်နွယ်အောင်(မောင်နှမများ) နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ အမှတ် (၆၇၁/ခ)ရှိ အလျား ၂၀ပေ xအနံ ၆၀ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အရပ်ရပ်အားလုံးသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ၂၀၀၉ ခုနှစ်တွင် မူလဂရန်အမည်ပေါက်သူ ဦးထွန်းကြည်ထံမှဝယ်ယူခဲ့ရာတွင် သမီးအရင်းဖြစ်သူ ဒေါ်ဇင်သီတာထွန်း ၁၂/ဗတထ(နိုင်) ၀၁၀၈၈၆ အမည်ဖြင့် ဝယ်ယူပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်ဇင်သီတာထွန်း ဂရန်အမည်ပေါက် ရရှိခဲ့ခြင်း ဖြစ်ပါသည်။ သမီးဖြစ်သူ ဒေါ်ဇင်သီတာထွန်းသည် ၇-၁၂-၂၀၁၇တွင်လည်းကောင်း၊ ဒေါ်ဇင်သီတာထွန်း၏ခင်ပွန်းဖြစ်သူ ဦးကျော်ရွှေ ၁၂/မရက(နိုင်)၀၆၄၀၄၇ သည် ၁-၈-၂၀၂၂ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားကြပြီးဖြစ်၍ အထက်ပါမြေကွက်နှင့် နေအိမ်ဥပစာအရပ်ရပ်အား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ အမည်ပေါက်ပြောင်းလဲခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုမူလာခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမောင်မောင်မြင့် ၁၂/ဗတထ(နိုင်)၀၂၀၅၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၇၂)**
**ရှေ့နေများ နားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၆၃၉၀၀၃၉၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ဆောင်ရွက်ရန်လို၊ တိုင်းရင်းသားများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုသကဲ့သို့ မြန်မာစာပေ၊ မြန်မာစကားနှင့် မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လို။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

### ယနေ့ သတင်းအညွှန်း

**လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်းမောက်မြို့နယ် မံယူးကြီးကျေးရွာအနီး နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်မှုအပေါ် Khit Thit Media က မဟုတ်မမှန် သတင်းများ ထုတ်ပြန်**
ပြည်တွင်းသတင်း စာ - ၂၄

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၁၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
ပြည်တွင်းသတင်း စာ - ၁၀

**ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်း စီတရန်ဝင်ရောက်**
နိုင်ငံတကာသတင်း စာ - ၁၃





## နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၅၂ တွဲ ရောင်းချခဲ့ရ

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့်

*စာမျက်နှာ ၇ ကော်လံ ၁*

## အပြန်အလှန်သွင်းဂိုးများဖြင့် ရောဝတီအသင်း နိုင်ပွဲပြန်လည် ရယူနိုင်ခဲ့ပြီး အဆင့် ၄ နေရာ တက်လှမ်း

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၂၂ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) တတိယနေ့အဖြစ် ရောဝတီအသင်းနှင့် GFAအသင်းတို့ အောက်တိုဘာ၂၄ရက်ကသုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီ အသင်းက ငါးဂိုး - သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

တန်းဆင်းဇုန်မှလွတ်ရန် အမှတ်လိုနေသည့် GFA အသင်းသည် ရမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် အရေးနိမ့်ခဲ့ရသည်။ ရောဝတီအသင်းမှာမူ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး ယခုပွဲအနိုင်ရခဲ့သဖြင့် အဆင့် ၄ နေရာ တက်လှမ်းနိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားရာ နှစ်သင်းပေါင်းသွင်းဂိုး ရှစ်ဂိုးအထိရှိခဲ့သည်။ ၇ မိနစ်တွင် ညီညီအောင်က ရောဝတီအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ၁၆ မိနစ်တွင် ကာလပ်က GFA အသင်းအတွက် အဝေးကန်ချက်ဖြင့် ချေပဂိုးပြန်သွင်းခဲ့သော်လည်း ရောဝတီအသင်းက ပထမပိုင်း မပြီးမီမှာပင် နှစ်ဂိုးထပ်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင်

*စာမျက်နှာ ၁၀ ကော်လံ ၁*



ရောဝတီအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်စဉ်။